# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၄၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ)ပေါ်မှ ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

## ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူဖြစ်လာစေမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီးရှိ အဆိုပါတံတားနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။


စာမျက်နှာ ၄ ကော်လံ ၁ ✪



ယနေ့ ဖတ်စရာ

**ဆောင်းပါး**
စင်ပေါ်က ထာဝရမိတ်ဆွေ ဟူသည်မှာ . . . စာမျက်နှာ ၁၂

**နိုင်ငံတကာ**
အိန္ဒိယနိုင်ငံ ဆေးပညာကဏ္ဍတွင် အေအိုင်ကို အသုံးပြုပြီး ပြင်းထန်သည့်ရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်တော့မည် စာမျက်နှာ ၁၄

**ဆောင်းပါး**
ရေနံစိမ်းအကြောင်း သိကောင်းစရာ စာမျက်နှာ ၁၆





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂတောင်တန်းသာသနာပြုဇဟိုခေါင်းဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ သုမန အား စုပေါင်းနဝကမ္မအလှူတော်ငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းများသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဟွေထိုက် ရေအားလျှပ်စစ်စီမံကိန်းအား ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ *စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ ဟွေထိုက် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၌ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**ချင်းတွင်းတံတား (ထမံသီ)သည် တံတားအရှည် ၂၆၂၈ ပေရှိပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ ရှိပြီး ချင်းတွင်းတံတား(ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များအား လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို များစွာအထောက်အကူ ဖြစ်လာစေမည်**

*✪ ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ချင်းတွင်းတံတား (ထမံသီ)အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးသန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

---

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိုးရာသီမရောက်ရှိခင်ကာလ အတွင်း လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ဓာတ်အားဖြန့်ခွဲမည့်အစီအမံများအား ကြိုတင်ရေးဆွဲထားရှိရန်၊ ရာသီဥတုဆိုးရွားသည့် နေရာဖြစ်သဖြင့် အခြေခံ Foundation များအား မိုးရာသီမတိုင်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ယခုစီမံကိန်းမှတစ်ဆင့် ဒေသ၏လူမှုအကျိုးစီးပွားကို များစွာ အထောက်ကူပြုနိုင်သဖြင့် စီမံကိန်းအား စနစ်တကျဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဟွေထိုက်ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံပုံစံငယ်နှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအား စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဟွေထိုက်ချောင်းပေါ်တွင် ၂၀၂၃ ခုနှစ်မှစတင်၍ တည်ဆောက်နေခြင်းဖြစ်ပြီး ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ်နာရီသန်းကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက လဟယ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၁၇၁၈ စုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းသို့ ရောက်ရှိပြီး နာဂတောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ သုမနအား ဖူးမြော်ကြည်ညိုကာ စုပေါင်းနဝကမ္မအလှူတော်ငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆရာတော်အား သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆရာတော်၏ မိန့်ကြားမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လဟယ်မြို့ရှိကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးကြိုးစားအားထုတ်မှုရှိစေရေး အားပေးစကားပြောကြားသည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှသည် ကော်မရှင်အတွင်းရေးမှူး၏ဇနီး၊ အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းသို့ သွားရောက်၍ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် သီလရှင်ဆရာကြီးများ၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၄ မှ*

ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား (ထမံသီ) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကျောင်းသားကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(ထမံသီ) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(ထမံသီ)ပေါ်တွင် ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တံတားဖွင့်ပွဲသို့ လာရောက်အားပေးလျက်ရှိကြသည့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လူမှုစီးပွားအခြေအနေများအား မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ ချင်းတွင်းတံတား (ထမံသီ)အနေဖြင့် တံတားအရှည် ၂၆၂၈ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ ရှိကြောင်း၊ ယခုကဲ့သို့ ချင်းတွင်းတံတား(ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များအား လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို များစွာအထောက်အကူ ဖြစ်လာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ချင်းတွင်းတံတား (ထမံသီ) အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။



ချင်းတွင်းတံတား(ထမံသီ)အား တွေ့ရစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြား

## ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စုတစ်စည်းတည်း လျှောက်လှမ်းရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့နှင့် လေရှီးမြို့တို့သို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ လဟယ်မြို့နှင့် လေရှီးမြို့တို့မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် လေရှီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှု၊ နာဂဒေသအတွင်း မြေအသုံးချမှုနှင့် ပျမ်းမျှမိုးရေရရှိမှု၊ ကဏ္ဍကြီးများအလိုက် ကုန်ထုတ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့မှု၊ ရာသီအလိုက် သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)ဖြင့် ရိုးရာအထည်များနှင့် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နာဂဒေသအဆင့်နှင့် သင့်လျော်သည့် ဌာနဆိုင်ရာအဖွဲ့များအား လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းပေးစေလိုမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဌာနဖွဲ့စည်းပေးစေလိုမှု၊ တယ်လီဖုန်းဆက်သွယ်မှုများပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များ၊ လေရှီးမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး မတူဂီရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စက်ရုံအတွက် ရေလုံလောက်စွာရရှိရေး အဆင့်မြင့်ရေလှောင်ကန်နှင့် အဆင့်မြင့်စက်ပစ္စည်းများ ဖြည့်ဆည်းတည်ဆောက်ပေးစေလိုမှု၊ နာဂဒေသတည်ငြိမ်အေးချမ်းရေးအတွက်ဒေသခံများအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ချင်းတွင်းတံတား(ထမံသီ) အား ဖွင့်လှစ်ပေးမှုအတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိမှု၊

*စာမျက်နှာ ၇ သို့*

❑ **နာဂဒေသသည် သွားလာရန်ခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်စေလျက်ရှိကြောင်း၊ အလားတူ လဟယ်ဒေသနှင့် နန်းယွန်းဒေသသို့ ဆက်သွယ်သည့်လမ်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ၊ ပြည်မသို့ ဆက်သွယ်သည့်လမ်းများ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ၊ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပစ္စည်းများသယ်ယူပို့ဆောင်ရန် အခက်အခဲများရှိ၊ ထို့ကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့စေရေး မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂ ရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နာဂရိုးရာ ခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများအား ဂါရဝပြုဆက်သပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

ထမံသီ-လေရှီး-ဆွမ္မရာ လမ်းကြောင်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လဟယ်ဒေသအတွင်း ဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှုနှင့်ဆက်လက်၍ ပိုမိုကောင်းမွန်အောင်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)၌ နာဂဒေသမှ ကျောင်းသား ကျောင်းသူများအား အထူးကိစ္စတစ်ရပ်အနေဖြင့် သင်ကြားခွင့်ပြုပေးထားမှု၊ ဒေသစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကုန်းမြင့်လယ်ယာများ တတ်နိုင်သမျှဖော်ထုတ်ပေးလျက်ရှိမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာနိုင်မှု၊ ဒေသန္တရမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဘက်စုံသုံးခန်းမအား မြေနေရာအပေါ်မူတည်၍ ဆောက်လုပ်နိုင်ရေး တင်ပြဆောင်ရွက်သွားမည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဘဏ္ဍာရေးနှစ်အလိုက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေရှီးမြို့ရှိ ဌာနဆိုင်ရာများအတွက် လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ရိုးရာယဉ်ကျေးမှု ကွင်းတည်ဆောက်ရေးနှင့် ပတ်သက်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ လဟယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ ဌာနဆိုင်ရာများ တိုးချဲ့ဖွဲ့စည်းလိုမှုနှင့် ပတ်သက်၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လဟယ်မြို့တွင် ရိုးရာပွဲတော်ကျင်းပပြုလုပ်ရန်အတွက် ပွဲတော်ကွင်းနှင့် ဘက်စုံသုံးခန်းမ တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး ပြည်မအတွင်းသို့ ဆက်သွယ်သည့်လမ်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများအဆင်ပြေစေရေးအတွက် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)ကို ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နာဂဒေသသည် သွားလာရန်ခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်စေလျက်ရှိကြောင်း၊ အလားတူ လဟယ်ဒေသနှင့် နန်းယွန်းဒေသသို့ ဆက်သွယ်သည့်လမ်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်မသို့ ဆက်သွယ်သည့်လမ်းများ အဆင်ပြေချောမွေ့စွာဖြင့်သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပစ္စည်းများသယ်ယူပို့ဆောင်ရန် အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့စေရေး မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လဟယ်မြို့နယ်ဆေးရုံအတွက် ဆရာဝန်လိုအပ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်မှစတင်၍ နာဂဒေသအတွက် ဆရာဝန်လိုအပ်ချက်များရှိခြင်းကြောင့် တပ်မတော်အထူးကုဆရာဝန်များကို စေလွှတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါက မိမိတို့အနေဖြင့် ထပ်မံစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်သဖြင့် ဆရာဝန်များ ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက်လိုအပ်သည့် ကုသရေးဆိုင်ရာပစ္စည်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စာသင်ကျောင်းများအတွက် ဆရာ၊ ဆရာမများ လိုအပ်မှုနှင့်ပတ်သက်၍ အလယ်တန်းပြ ဆရာ၊ ဆရာမများ ပိုမိုလိုအပ်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆရာ၊ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း ပညာရေးနှင့်ပတ်သက်၍ ပညာတတ်များ

*စာမျက်နှာ ၈ သို့*

❖ **လေရှီးဒေသနှင့် လဟယ်ဒေသတွင် ဝမ်းစာဖူလုံမှုမရှိသည်ကိုတွေ့ရ၊ ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ကုန်းမြင့်လယ်များကို မဖြစ်မနေဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေများရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်၊ လဟယ်ဒေသတွင် ဝဥစိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်ဟု သိရှိရ၊ ဝဥမှ ဝဥဆန်ထုတ်လုပ်၍ရသဖြင့် ဝဥစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လို၊ နိုင်ငံတော်မှလည်း ပံ့ပိုးပေးမည်ဖြစ်၊ အလားတူ ပြောင်းနှင့် အာလူးများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်လို၊ ဒေသမှ ထွက်ရှိသည့် လက်ဖက်၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် ထောပတ်ပင်များသည် နှစ်ရှည်သီးနှံများဖြစ်ပြီး ဒေသအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန်လို**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေရှီးမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

*စာမျက်နှာ ၇ မှ*

ပေါ်ကြွယ်ဝစေရေး ပညာရေးကို အားပေးဆောင်ရွက်သွားကြစေလိုကြောင်း၊ စာရင်းဇယားများအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာစကားအရ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် လူကြီးမိဘများ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစကားကို ကလေးငယ်များ တတ်ကျွမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ပညာသင်ကြားမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အချို့ကျောင်းနေအရွယ် ကလေးငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားရန် ပျက်ကွက်နေကြသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် **ကျောင်းနေအရွယ် ကလေးငယ်များအားလုံး အတန်းပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းတိုက်တွန်း ဆောင်ရွက်ပေးကြစေလိုကြောင်း**။

နာဂဒေသတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများအား ပညာတတ်လူသားအရင်းအမြစ်များအဖြစ်ဆောင်ရွက်ပြီး ၎င်းတို့၏ အနာဂတ်ဘဝ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပြီးစီးပါက ဟုမ္မလင်းမြို့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံသို့ တက်ရောက်ပြီး ဒီပလိုမာဘွဲ့များရရှိအောင် ဆက်လက်သင်ကြားနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာပြီးဆုံးအောင် သင်ကြားနိုင်ရေး နိုင်ငံတော်မှလည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လေရှီးဒေသနှင့် လဟယ်ဒေသတွင် ဝမ်းစာဖူလုံမှု မရှိသည်ကိုတွေ့ရကြောင်း၊ ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ကုန်းမြင့်လယ်များကို မဖြစ်မနေ ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေများရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လဟယ်ဒေသတွင် ဝဥစိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်ဟု သိရှိရကြောင်း၊ ဝဥမှ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လေရှီးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဝဥဆန်ထုတ်လုပ်၍ရသဖြင့် ဝဥစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အလားတူ ပြောင်းနှင့် အာလူးများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် လက်ဖက်၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် ထောပတ်ပင်များသည် နှစ်ရှည်သီးနှံများဖြစ်ပြီး ဒေသအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ စားရေးကိုအထောက်အကူပြုစေမည့် နွားနောက်၊ ဒေသန္တရကြက်နှင့် ဝက်များကို တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်သွားကြမည်ဆိုပါက ဒေသဝမ်းစာအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဒေသအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် ဒေသ၏ဝင်ငွေကို တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း ရှိပြီးဖြစ်သည့် ဝါးနှင့် ကြိမ်များကို ဒေသပြင်ပသို့ ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းထက် ဒေသတွင်း၌ပင် ထုတ်လုပ်နိုင်သည့် ဝါးပျော့ဖတ်လုပ်ငန်းနှင့် ကြိမ်အချောထည်လုပ်ငန်းများကို ဆောင်ရွက်၍ ရောင်းချနိုင်ပြီး နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းဝင်ငွေတိုးတက်ရရှိအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတိုးတက်ရေးကိုများစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့်ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝလာခြင်းအားဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ဒေသအတွက်သော်လည်းကောင်း အနာဂတ်ကို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း**။

## ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးက တစ်စုတစ်စည်းတည်း လျှောက်လှမ်းရန်လို

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး မကြာမီက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးချယ်ခံအစိုးရအနေဖြင့် ၅ နှစ်လျှင် တစ်ကြိမ် အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း မည်သည့်အစိုးရတက်လာသည်ဖြစ်စေ နိုင်ငံတော်၏အကျိုးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် **တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း**၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် နေထိုင်သူများက အမှန်တကယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကို သောက်ကြသူများဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ **ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးကတစ်စုတစ်စည်းတည်း လျှောက်လှမ်းရန်လိုအပ်**သဖြင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ နာဂရိုးရာ ခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများအား ဂါရဝပြုဆင်မြန်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားများသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ - ၁၀ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသက တင်သွင်းလျှောက်ထား၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇောတိပါလာလင်္ကာရကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောပါက ကလည်းကောင်း တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

**ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူ**

မွန်းလွဲ ၁ နာရီတွင် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့ ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့ပူးပေါင်း၍ "AML/CFT Compliance Awareness Training for Acco-untants နှင့် CDD၊ EDD & STR Red Flag Indicator Typologies " ခေါင်းစဉ်များဖြင့် အသိပညာမြှင့်တင်ရေး ဟောပြောပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနာယက ဒေါက်တာ ခင်နိုင်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြားသည်။(ယာပုံ)



ဟောပြောပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီသည် စာရင်းကိုင်များအတွက် ကြီးကြပ်ရေးအာဏာပိုင်အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည့် ၂၀၂၂ ခုနှစ်မှစတင်၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာများကို ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ သင်တန်းများ၊ ဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ အမျိုးသားအဆင့်မဟာဗျူဟာရည်မှန်းချက်များနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Off-Site /On-Site စစ်ဆေးခြင်း စသည်တို့ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာရင်းလုပ်ငန်းများအနေဖြင့် CDD၊ EDD နှင့် STR ပေးပို့မှုများနှင့်စပ်လျဉ်း၍ သိရှိလိုက်နာရမည့်အချက်များကို ပိုမိုနားလည်နိုင်စေရန်ရည်ရွယ်၍ ဟောပြောပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးမည့် "CDD (Customer Due Diligence), EDD (Enhanced Due Diligence) နှင့် STR Red Flag Indicator Typologies" အကြောင်းအရာများသည် စာရင်းလုပ်ငန်းများအတွက် လိုက်နာရမည့်တာဝန်ဝတ္တရားများနှင့် တိုက်ရိုက်သက်ဆိုင်ပါကြောင်း၊ စီးပွားရေးလောက၏ လျင်မြန်သောတိုးတက်ပြောင်းလဲမှုများ၊ နယ်စပ်ဖြတ်ကျော် ငွေလွှဲမှုများနှင့် ဒစ်ဂျစ်တယ်ဘဏ္ဍာရေးစနစ်များအား တိုးချဲ့အသုံးပြုမှုများကြောင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာအန္တရာယ်များသည် ပိုမိုရှုပ်ထွေးလာပြီး ခန့်မှန်းရန်ခက်ခဲလာသည်ကို တွေ့ရှိရသည့်အတွက် စာရင်းလုပ်ငန်းလုပ်ကိုင်သူများသည် စာရင်းဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းသာမက AML/CFT အတွက် Gatekeeper များအဖြစ် အရေးပါသောအခန်းကဏ္ဍတစ်ခုကို ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ စာရင်းလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုလုံခြုံစိတ်ချရစေရန်၊ ဥပဒေ စည်းမျဉ်းနှင့်ကိုက်ညီစွာ ဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် လုပ်ငန်းပတ်ဝန်းကျင်တစ်ခု တည်ဆောက်နိုင်ရန် ဆွေးနွေးပို့ချသည့် ပညာရပ်များကို လေ့လာသင်ယူပြီး AML/CFT ဆိုင်ရာလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနာယက ဦးကျော်ညွှန့်နှင့် အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရင်းကောင်စီမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ဇင်ဝင်းက CDD၊ EDD & STR Red Flag Indicator Typologies အကြောင်းအရာကိုလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က "ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတွင် စာရင်းစစ်/စာရင်းကိုင်များ၏ တာဝန်ဝတ္တရားများ" အကြောင်းအရာကိုလည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ရဲမှူးကြီး ဦးမြင့်စိုးက "AML/CFT International Standards and Current Situations" အကြောင်းအရာနှင့် မြန်မာနိုင်ငံစာရင်းကောင်စီမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ဇင်ဝင်းတို့က ဆက်လက်ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*❂ ကျောဖုံးမှ*

ပွဲအစပိုင်းကတည်းက ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ အိမ်ကွင်းအားသာချက်ရှိသည့် နာပိုလီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ရိုးမားအသင်းကို ဖိအားပေးထိန်းချုပ်ကစားနိုင်ရေး ကြိုးပမ်းခဲ့သည်။

စပီနာဇိုလာ၏ တောင်ပံတိုက်စစ်က ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့်အတူ ရိုးမားအသင်းခံစစ်ပိုင်းကို အခက်တွေ့စေခဲ့သည်။ ပြိုင်ဘက် ရိုးမားအသင်းသည် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချနိုင်မှုအပိုင်းတွင် နာပိုလီအသင်းထက် သာလွန်မှုရှိခဲ့သည်။

နာပိုလီအသင်းအတွက် သွင်းဂိုးများကို စပီနာဇိုလာနှင့် ဆန်းတိုစ်တို့က သွင်းယူပေးခဲ့ပြီး ရိုးမားအသင်းအတွက် သွင်းဂိုးများကို မာလင်းတစ်ဦးတည်းက သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ် သရေရလဒ်ထွက်ပေါ်မှုကြောင့် နာပိုလီအသင်းအတွက် အဆင့် (၃) နေရာကို ဆက်ထိန်းထားနိုင်ခဲ့ပြီး ရိုးမားအသင်းအတွက် အဆင့် (၃) နေရာ တက်လှမ်းနိုင်မည့်အခွင့်အရေး လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အီတလီစီးရီးအေ ပွဲစဉ်(၂၅)အပြီးတွင် အမှတ်ပေးဇယားကို အင်တာမီလန်အသင်းက ၆၁ မှတ်ဖြင့် ရမှတ်ပြတ် ဦးဆောင်ထားပြီး ဒုတိယနေရာတွင် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းက ၅၃ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နေသည်။ **အောင်ဇော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

[၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) တနင်္လာနေ့]

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ယနေ့အစည်းအဝေးသည် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကြီး ဖြစ်ပါသည်ဘုရား။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပထမအကြိမ်မှ တတိယအကြိမ်အထိ သက်တမ်းမှာ ၅ နှစ်သက်တမ်းရှိခဲ့ပြီး ၁၅ နှစ်ကြာရှည်ခဲ့ပါသည်ဘုရား။ စတုတ္ထအကြိမ်မှ အဋ္ဌမအကြိမ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ သက်တမ်းမှာ ၆ နှစ်သက်တမ်းသို့ ပြောင်းလဲခဲ့ရာ ၆ နှစ်သက်တမ်း ၅ ကြိမ် ရှိခဲ့ရာ နှစ်ပေါင်း ၃၀ ကြာညောင်းခဲ့ပါသည်ဘုရား။ ထိုသက်တမ်း နှစ်ကြိမ်ပေါင်းခဲ့သော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး စတင်ဖွဲ့စည်း၍ သာသနာတော်အရေးကိစ္စတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၄၅ နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ၄၇ ပါးစုံညီ အစည်းအဝေးများကို ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပထမအစည်းအဝေး၊ ဒုတိယအစည်းအဝေး စသည်ဖြင့် ကျင်းပခဲ့ကြရာ ဧကူနဝီသတိမ အစည်းအဝေးထိ အစည်းအဝေးပေါင်း ၁၉ ကြိမ် ကျင်းပခဲ့ပါသည်ဘုရား။ ဧကူနဝီသတိမ အစည်းအဝေးအပြီးတွင် ဒုတိယအကြိမ်သို့ ကူးပြောင်း၍ ဒုတိယအကြိမ်တွင်လည်း ပထမအစည်းအဝေးမှ ဧကူနဝီသတိမ အစည်းအဝေးထိ လေးလပတ်တိုင်း ကျင်းပ၍ ယခုအချိန်ထိဆိုပါမူ နဝမအကြိမ်၏ စတုတ္ထအစည်းအဝေးတိုင် အစဉ်အဆက် ကျင်းပခဲ့ပြီးဖြစ်ပါသည်ဘုရား။ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေး ကျင်းပပြီးခဲ့ချိန်တွင် နဝမအကြိမ်သို့ ကူးပြောင်း၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပထမအစည်းအဝေးကို ကျင်းပခဲ့ပြီး ယခုအစည်းအဝေးမှာ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထလေးလပတ်အဖြစ်ကျင်းပသော အစည်းအဝေးဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား**

ရှေးရှေး ဒီဃဒဿီ သံဃပိတု သံဃာ့ဥသျှောင် မထေရ်မြတ်ကြီးတို့က ဒီဃဒဿီဂုဏ်၊ ရတ္တညူဂုဏ်တို့ ပြည့်ဝစွာ မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာတော်များနှင့်အညီ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာစသော စည်းမျဉ်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းခဲ့၍သာ ဤမျှကာလရှည်ကြာစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အနေဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့၊ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်ဘုရား။ လက်ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း ရှေးရှေးအာစရိယ၊ အာစရိယပရမ္ပရ ဆရာမထေရ်တို့၏ အာဘော်ကို လက်သင့်ခံယူ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နောက်နောက်သိဿာနုသိဿ အနာဂတ သံဃာ့ဝန်ဆောင်တို့အတွက်လည်း အာစရိယ ဟတ္ထမုဋ္ဌိ ကျန်စေ ရစေရန် သာသနာတော် အရေးကိစ္စများကို စံပြအဖြစ် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဗုဒ္ဓမြတ်စွာသည် အဇပါလညောင်ပင်ရင်းတွင် သီတင်းသုံးစဉ် "ငါဘုရားရှင် သိမြင်တော်မူအပ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားသည်ကားနက်နဲ၏။ သိမ်မွေ့၏။ ပညာရှိတို့သာ သိမြင်နိုင်သော တရားဖြစ်၏။ ဤသတ္တလောက သတ္တဝါတို့ကား လောကီ အာရုံတို့၌သာ မွေ့လျော်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်မည်မဟုတ်၊ သင်္ခါရ တရားတို့၏ ချုပ်ငြိမ်းရာ၊ ဥပဓိအားလုံးတို့ကို ကပ်ငြိခြင်းကင်းရာ၊ တပ်မက်မှုကုန်ခန်းရာ နိဗ္ဗာန်ကို ပို၍ပင် သိမြင်နိုင်မည်မဟုတ်။ ငါသိခဲ့သော



ထိုတရားတို့ကို ဟောပါက သိနိုင်ကြလိမ့်မည်မဟုတ်။ ငါတရားဟောခြင်းသည် ပင်ပန်းရုံသာရှိလိမ့်မည်" ဟု ဆင်ခြင်တော်မူပါသည်ဘုရား။ ထိုသို့ ဆင်ခြင်တော်မူ၍ တရားဟောတော်မူခြင်း၌ စိတ်အားတော် ထက်သန်ခြင်းမရှိ၊ စိတ်ကိုင်းညွတ်မှု မရှိကြောင်း ဝိနယပိဋကၡ၊ မဟာဝဂ္ဂပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား**

ထိုအခြေအနေတွင် သဟမ္ပတိဗြဟ္မာမင်းက သုံးကြိမ်တိုင်အောင် တရားဟောရန် ဘုရားရှင်ကို တောင်းပန်လျှောက်ထားခဲ့ပါသည်ဘုရား။ ထိုသို့ တောင်းပန်လျှောက်ထားသည့်အတွက် ဘုရားရှင်သည် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူခဲ့ပါသည်ဘုရား။ ဗုဒ္ဓစက္ခုဖြင့် ရှုတော်မူသောအခါ အပ္ပရဇက္ခ– ကိလေသာမြူပါးလျသူ၊ မဟာရဇက္ခ– ကိလေသာ မြူထူထပ်သူ၊ တိက္ခိန္ဒြိယ– ဣန္ဒြေရင့်သူ၊ မုဒိန္ဒြိယ–ဣန္ဒြေနုသူ၊ သွာကာရ– ဒွါကာရ အချင်းအရာကောင်းသူ၊ မကောင်းသူ၊ သုဝိညာပယ– ဒုဝိညာပယ– သိလွယ်သူ၊ မသိလွယ်သူ၊ ပရလောကဝဇ္ဇဘယဒဿာဝီ– န ပရလောက ဝဇ္ဇဘယ ဒဿာဝီ၊ နောက်ဘဝသစ် ထပ်မံရရှိမှုကို အပြစ်ဘေးဟု ရှုလေ့ရှိသူ၊ ရှုလေ့မရှိသူ ဟူသော သတ္တဝါအမျိုးမျိုးကို မြင်တော်မူကြောင်း ပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား**

ဘုရားရှင်တော် မြင်တော်မူသော သတ္တဝါတို့ကို ကြာမျိုး ၃ ပါးကို ၃ မျိုး ၃ စား ဥပမာပေး၍ ခွဲခြားရာတွင် ပထမအမျိုးအစားအနေဖြင့် ဥပ္ပလ၊ ပဒုမ၊ ပုဏ္ဍရိက ဟူသော ကြာတို့သည် ဥဒကေဇာတ– ရေ၌ပေါက်ရောက်၊ ဥဒကေသံဝဍ္ဎ–ရေ၌ကြီးထွား၊ ဥဒကေအနုဂ္ဂတ– အန္တောနိမုဂ္ဂပေါသီ ရေပြင်ညီရေမျက်နှာပြင်သို့ တက်ရောက်ခြင်းမရှိ၊ ရေအောက်၌သာ ငုပ်ဝင် ရှင်သန်သော ကြာမျိုးလည်းရှိပါသည်။ ဤကြာမျိုးနှင့်တူသော သတ္တဝါတို့သည် ဘုရားရှင်ဟောကြားသော တရားကို မသိနိုင်။ ဒုတိယအမျိုးအစားအနေဖြင့် ဥဒကေဇာတ– ရေ၌ပေါက်ရောက်၊ ဥဒကေသံဝဍ္ဎ–ရေ၌ကြီးထွား၊ ဥဒကေန သမောဒကဋ္ဌိတ– ရေမျက်နှာပြင်နှင့်အညီသာ ရှင်သန်နိုင်သော ကြာမျိုးလည်း ရှိပါသည်။ ဤကြာမျိုးနှင့်တူသော သတ္တဝါတို့သည် အထိုက်အလျောက် နားလည်နိုင်ကြသည်။ တတိယအမျိုးအစားအနေဖြင့် ဥဒကေဇာတ–ရေ၌ပေါက်ရောက်၊ ဥဒကေသံဝဍ္ဎ–ရေ၌ကြီးထွား၊ ဥဒကေအစ္စုဂ္ဂမ္မဋ္ဌိတ– ရေမျက်နှာပြင်အထက်သို့ တက်၍ရပ်တည်၊ အနုပလိတ္တ–ရေဖြင့် မလိမ်းကျံ၊ ရေမှလွတ်ကင်းသော ကြာမျိုးလည်းရှိပါသည်။ ထိုကြာမျိုးနှင့်တူသော သတ္တဝါတို့သည် ဘုရားရှင်တရားတော်ကို လွယ်ကူစွာ သိနိုင်ကြသည်။ ဤသို့ မြတ်စွာဘုရားရှင်သည် ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူချိန်တွင် ကြာဥပမာရှိသော သတ္တဝါတို့ကို မြင်တော်မူကြောင်း ပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား–**

တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် ၇ ချက်ကို ပြဋ္ဌာန်းထားပါသည်ဘုရား။ (က)သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန်ဖြစ် သည်။ (ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန် ဖြစ်သည်။ (ဂ)ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည် စသည်ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်ဘုရား။ ရည်ရွယ်ချက်(ဂ)ကို ပြဋ္ဌာန်းခဲ့ကြသော အာစရိယာစရိယ ရှေးဆရာတော်ကြီးတို့၏ ဉာဏ်ပညာအမြော်အမြင်နှင့် ငဲ့ညှာစောင့်ရှောက်သော ကရုဏာအားအစွမ်းတို့ကို ယခုတပည့်တော်တို့ သိသာစွာ ခံစားနေရသည်ဟု လျှောက်ထားလိုပါသည်ဘုရား။ အဘယ်ကြောင့်ဆိုသော် ယနေ့မျက်မှောက်ခေတ်ကာလတွင် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးခြင်းမရှိသော အခြေအနေများ၊ ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများအပြင် ခေတ်ကာလအရ လူမှုကွန်ရက်များတွင် သမဏသာရုပ္ပမဖြစ်သည့် ဆောင်ရွက်ချက်များ ပြုမူဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပါသည်ဘုရား။ ထိုသို့သော ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းသိမ်းပြီး တားဆီးကာကွယ်ကြမှသာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်သည်ဟု ခေါ်ဆိုရမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသော သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ကြရာတွင် ပထမအကြိမ်မှ နဝမအကြိမ်တိုင်အောင်၊ နဝမအကြိမ်၏ ပထမအစည်းအဝေးမှ ယခုလေးလပတ် စတုတ္ထအစည်းအဝေးတိုင်အောင် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်ဘုရား။ ထိုသို့ဆောင်ရွက်ကြရာတွင် ပထမကြာဥပမာနှင့်တူသော ရှင်းလင်းညွှန်ကြား ဆုံးမသြဝါဒပေး လုပ်ထုံးများနှင့်အညီ ပြုပြင်၍မရသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ ဒုတိယကြာဥပမာနှင့်တူသော အထိုက်အလျောက် ဆုံးမပြုပြင်၍ရသော ပုဂ္ဂိုလ်များနှင့်လည်းကြုံတွေ့ရမည် ဖြစ်ပါသည်ဘုရား။ တတိယကြာဥပမာနှင့်တူသော အရိပ်ပြ အကောင်ထင်ဆိုသကဲ့သို့ ဆိုဆုံးမရလွယ်ကူသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ မည်သို့သောပုဂ္ဂိုလ်များနှင့် ကြုံတွေ့ရသည်ဖြစ်စေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားလေးပါး လက်ကိုင်ထား၍ ဆောင်ရွက်ကြရန် လွန်စွာအရေးကြီးလှပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

"နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယျေ စ ပဂ္ဂဟံ။ သုသုခေနေဝဇောတေယျ၊ သမ္မာသမ္ဗုဒ္ဓသာသနံ– မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို ကိုယ်စိတ်မညှိုးနွမ်းဘဲ ချမ်းချမ်းသာသာဖြင့် ထွန်းလင်းစေရန် နှိပ်ကွပ် ဆုံးမထိုက်သူတို့ကို နှိပ်ကွပ်ဆုံးမခြင်း၊ ချီးမြှောက်သင့်သူတို့ကို ချီးမြှောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ရှေးရှေးဆရာတော်တို့ မိန့်ဆိုခဲ့ကြပါသည်ဘုရား။ နိဂ္ဂဟ ပဂ္ဂဟ ပြုကြရာ၌ တပည့်တော်တို့၏ စိတ်သန္တာန်၌ ဗြဟ္မဝိဟာရတရားများဖြင့် ထိန်းကွပ်ထားခြင်းမရှိဘဲ ဆောင်ရွက်ပါလျှင် လောဘ ဒေါသ ပဋိဃတရားတို့ တိုးပွားလာနိုင်ပါသည်ဘုရား။ သို့ဖြစ်ရာ နှိပ်ကွပ်ဆုံးမသင့်သူတို့ကို ကရုဏာ မေတ္တာတရားများ လက်ကိုင်ထား၍ နှိပ်ကွပ်ဆုံးမရန်ဖြစ်ပြီး ချီးမြှင့်သင့်သူကိုမူ မုဒိတာ၊ မေတ္တာတရားများ လက်ကိုင်ထား၍ ချီးမြှောက်သင့်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုသို့ နိဂ္ဂဟ ပဂ္ဂဟတို့ကို ဆောင်ရွက်ရာတွင် အချို့ကိစ္စရပ်တို့၌ ပတ်ဝန်းကျင်၏ အပြစ်တင်ကဲ့ရဲ့မှု၊ မြှောက်ပင့်ချီးမွမ်းမှုတို့နှင့် ကြုံလာလျှင် ဥပေက္ခာတရားလက်ကိုင်ထား၍ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း လျှောက်ထား အပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိဂုံးချုပ်အားဖြင့် လျှောက်ထားရပါလျှင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးအနေဖြင့် ပထမအကြိမ်မှ နဝမအကြိမ်တိုင်အောင် ကာလရှည်မြင့်စွာဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည့်နည်းတူ နောင်အနာဂတ် သာသနာတော်အတွက်လည်း အရှည်ကိုကြည့်၍ ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ကြရာတွင် ဘုရားရှင် ဆင်ခြင်တော်မူခဲ့သည့် ကြာမျိုးဥပမာ ၃ ပါးနှင့် တူညီကြသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံကြုံလာရလျှင် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား လေးပါး လက်ကိုင်ထားလျက် အကြိမ်ကြိမ် အထပ်ထပ် တံတိုင်းခတ်၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါဟု လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမ စိုက်ပျိုးမွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း၌ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများ၊ သင်တန်းကျောင်းအုပ်ကြီး၊ ဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမစိုက်ပျိုးမွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းများ အောင်မြင်ရေး သမဝါယမ အသင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ရန်အရေးကြီးကြောင်း၊ သင်တန်းနည်းပြဆရာ ဆရာမများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်၊ လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေး ပညာတတ်များဖြစ်အောင် မွေးထုတ်ပေးနိုင်ရေး သင်ကြားပို့ချရန်နှင့် သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများကလည်း သမဝါယမကောလိပ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်တို့သို့ ပေါင်းကူးတက်ရောက်နိုင်ရေး ကြိုးပမ်းလေ့လာသင်ယူကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာ ပေါက်ကုန်းလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ လယ်မြေများတွင် ဗော်လ်ကန် (Vulkan)၊ အစ်ပိုလစ် (Ippo-lit)နှင့် မာ့ဟ်ဟွန်းကေအယ်လ်ပီ (Makhaon KLP) ရုရှားနေကြာမျိုးများ စမ်းသပ်စိုက်ပျိုးထားမှုနှင့် ပျားမွေးမြူရေးပုံးများ၊ ဆိုလာရေတင်စနစ် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အိမ်မဲမြို့နယ် ကညွတ်ကွင်းကျေးရွာအုပ်စု ဝါးရုံစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဝါးရုံစုစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူတစ်ဦး၏ လယ်မြေသုံးဧကတွင် ဗော်လ်ကန် (Vulkan) ရုရှားနေကြာမျိုး စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများ လိုအပ်သည့် အထွက်တိုး မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း၊ အသင်းသားတောင်သူများက မျိုး၊ မြေ၊ ရေ၊ နည်းစသည့် စိုက်နည်းစနစ်များနှင့်အညီ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာ ပဆငလမ်းမကြီးမှ သဲကုန်း၊ ကျုံ့တုန်း၊ သပြုကုန်း၊ ကြာဖြူကျေးရွာများသို့ ဆက်သွယ်သော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေသဝမ်းစာ ဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဒေသဝမ်းစာ ဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ မွေးမြူရေးဇုန်ရှိ မွေးမြူရေးတောင်သူ ဦးမြတ်မင်းလတ်၏ ဒေသဆိတ် (ထိန်စမ်း) မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဦးစွာ တာဝန်ရှိသူများက ဒေသဆိတ်(ထိန်စမ်း) ၁၀၇ ကောင် မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင် နေဗီယာ တစ်ဧက၊ နံ့စားပြောင်း နှစ်ဧက၊ မတ်ပဲ တစ်ဧက စိုက်ပျိုးခြင်း၊ တိရစ္ဆာန်အစာထုတ်လုပ်မှု ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဒေသဆိတ် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို မွေးမြူထုတ်လုပ်မှု အဆင့်ဆင့်တိုင်းကို အလေးထားဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေသနွား (ပြာစိမ်းနှင့် ရွှေနီ) မျိုးထိန်းမျိုးပွား ၅၈ ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း၊ ဥစားဘဲ (ကာကီကင်း) အကောင်ရေ ၁၅၅၈ ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း၊ ဘဲဥဖောက်စက်ဖြင့် ဘဲသားပေါက်များ ဖောက်လုပ်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဥစားဘဲမျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်ရေး၊ ဘဲမွေးမြူရေး ပိုမိုကျယ်ပြန့်လာရေးအတွက် နည်းပညာပေးဆောင်ရွက်ကြရန် မှာကြားသည်။

**ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်**

ယင်းနောက် Super Cow နို့စားနွားမွေးမြူရေးခြံတွင် မွေးမြူထားရှိသည့် နို့စားနွား အကောင်ရေ ၇၀ မွေးမြူထားရှိမှုနှင့် အင်မိုင်ခနွားမွေးမြူရေးခြံတွင် မွေးမြူထားသည့် ဒေသနွား (ပြာစိမ်း) အကောင်ရေ ၁၅၀ တို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုပေါ် များစွာတည်မှီနေသဖြင့် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရေဆင်းငါးလုပ်ငန်းစခန်းသို့ ရောက်ရှိရာ တိုင်းတာဝန်ခံကလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်လိုကြောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် ငါးသယံဇာတထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး ငါးလုပ်ငန်းစခန်းအတွင်းရှိ ရေစင်တည်ဆောက်နေမှုနှင့် ငါးသားဖောက်လုပ်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် (၃၆) အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးသည် မိမိတို့တွင် တာဝန်ရှိပါကြောင်း၊ မွေးမြူသူများအတွက် အကောင်းဆုံးအကျိုးအမြတ်ရရှိနိုင်စေရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် ကျေးရာအခန်းကဏ္ဍများမှ ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ပြည်သူများ အစားအစာဘေးကင်းလုံခြုံစေရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို အလေးထားဆောင်ရွက်ရန်နှင့် သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး ဒေသတွင်း ကူးစက်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြည့်၍ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# စင်ပေါ်က ထာဝရမိတ်ဆွေဟူသည်မှာ . . .

စာဖတ်ပရိသတ်တစ်ဦး

"မိတ္တသ ဘော မေတ္တာ"။ မိတ်ဆွေဟူက မိမိ ခင်မင်သူအားလုံးကို ကြီးပွားတိုးတက်စေချင်၊ ပျော်ရွှင်ချမ်းမြေ့စေချင်သည့် စိတ်နေသဘောထား ရှိကြရပေမည်။

ဗုဒ္ဓစာပေကျမ်းဂန်ထဲတွင် ကျေးဇူးပြုတတ်သော ဥပကာရမိတ်ဆွေ၊ ချမ်းသာအတူ ဆင်းရဲလည်းအတူဖြစ်သော သမာနသုခဒုက္ခ မိတ်ဆွေ၊ အကျိုးစီးပွားကို ပြောကြားတတ်သော အတ္ထက္ခာယီ မိတ်ဆွေနှင့် အစဉ်သနားတတ်သော အနုကမ္ပက မိတ်ဆွေတို့ကို စိတ်ကောင်းနှလုံးကောင်းရှိသော မိတ်ဆွေလေးဦးအဖြစ် ဖွင့်ဆိုညွှန်ပြထားပါသည်။ မိတ်ဆွေဝတ္တရားငါးပါးနှင့် ဆက်စပ်၍လည်း သင်္ဂဇာဆရာတော်က **"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နူတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"**ဟူ၍ စပ်ဆိုထားပေသည်။ ထို့အတူ ဆရာတော်ဦးဗုဒ်က **"ပေးကမ်းလိုမယ်၊ ချစ်ဖွယ်ဆိုပြော၊ စီးပွားကျင့်မှု၊ ကိုယ်တူပြုခြင်း၊ ချွတ်ယွင်းမဲ့စေ၊ ဤငါးထွေကား၊ ကြင်ဆွေတို့အား ကျင့်ဝတ်တည်း၊ မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်လေ့၊ ဘေးတွေ့မစွန့်၊ ဆက်ညွှန့်သားမြေး၊ မြတ်လေးပူဇော်၊ ဤငါးဖော်ကား၊ ညီလျော်တို့လမ်း၊ ကျင့်ဝတ်တည်း"**ဟူ၍ ရေးဖွဲ့စပ်ဆိုထားပေသည်။ သို့တစေ လောကဓမ္မတာအရ မိတ်ကောင်းဆွေကောင်းနှင့် တွေ့ကြုံဆုံစည်းနိုင်ဖို့၊ အရှည်သဖြင့် ပေါင်းသင်းဆက်ဆံနိုင်ဖို့ရန်မှာမူ လွန်စွာမှ ခဲယဉ်းလှပေသည်။ နိစ္စဓူဝ ထိတွေ့ဆက်ဆံနေကြရပြား မိတ်ဆွေစစ်ဖြစ်ချင်မှဖြစ်ပေမည်။

များသောအားဖြင့် ယူသာယူတတ်သော အညဒတ္ထုဟာရ မိတ်ဆွေတု၊ နှုတ်မျှဖြင့်သာလျှင် (လောကွတ်)ပြုတတ်သော ဝစီပရမမိတ်ဆွေတု၊ အကြိုက်ကိုလိုက်၍ ပြောတတ်ဆိုတတ်သော အနုပ္ပိယဘာဏီ မိတ်ဆွေတုနှင့် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော အပါယသဟာရ မိတ်ဆွေတုတို့ ဖြစ်ချင်ဖြစ်နေတတ်သည်။ လူ့ဘဝခရီးလမ်းတွင် မိတ်ကောင်းဆွေကောင်းဟူသည်ကား ရခဲလှပါဘိ။

> **❑ လောကဓမ္မတာအရ မိတ်ကောင်းဆွေကောင်းနှင့် တွေ့ကြုံဆုံစည်းနိုင်ဖို့၊ အရှည်သဖြင့် ပေါင်းသင်းဆက်ဆံနိုင်ဖို့ရန်မှာမူ လွန်စွာမှ ခဲယဉ်းလှပေသည်။ နိစ္စဓူဝထိတွေ့ ဆက်ဆံနေကြရပြား မိတ်ဆွေစစ်ဖြစ်ချင်မှဖြစ်ပေမည်**
>
> **❑ များသောအားဖြင့် ယူသာယူတတ်သော အညဒတ္ထုဟာရ မိတ်ဆွေတု၊ နှုတ်မျှဖြင့်သာလျှင် (လောကွတ်)ပြုတတ်သော ဝစီပရမမိတ်ဆွေတု၊ အကြိုက်ကိုလိုက်၍ ပြောတတ်ဆိုတတ်သော အနုပ္ပိယဘာဏီမိတ်ဆွေတုနှင့် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော အပါယသဟာရ မိတ်ဆွေတုတို့ ဖြစ်ချင်ဖြစ်နေတတ်သည်။ လူ့ဘဝခရီးလမ်းတွင် မိတ်ကောင်းဆွေကောင်းဟူသည်ကား ရခဲလှပါဘိ**
>
> **❑ မိတ်ကောင်းဆွေကောင်းဆိုတာ သဒ္ဓါတရားနဲ့ပြည့်စုံတယ်။ စင်ကြယ်တဲ့သီလရှိတယ်။ အကြားအမြင်ဗဟုသုတများတယ်။ ဝန်တိုခြင်းမရှိဘူး။ ပညာနဲ့လည်း ပြည့်စုံတယ်**

မိမိညွှန်းဆိုပြထားသော စင်ပေါ်က မိတ်ဆွေကြီးများမှာမူ အရာခပ်သိမ်း၊ အစဉ်ထာဝရ ကျေးဇူးပြုတတ်သော ဥပကာရမိတ်ဆွေ၊ အကျိုးစီးပွားကို ပြောကြားတတ်သော အတ္ထက္ခာယီမိတ်ဆွေနှင့် တူပေစွ။ လတ်တလောမှာပင် စင်ပေါ်က မိတ်ဆွေတစ်ဦးက မိတ်ကောင်းဆွေကောင်းနှင့် ပတ်သက်၍

"လူဟာ တစ်ယောက်တည်းနေလို့ရတာ မဟုတ်ပါဘူး။ လူအများနဲ့ ဆက်ဆံပေါင်းသင်းနေရသူ ဖြစ်ပါတယ်။ ဒီလိုပေါင်းသင်းဆက်ဆံတဲ့အခါမှာ လူတော်လူကောင်း၊ မိတ်ကောင်းဆွေကောင်း၊ အပေါင်းအဖော်ကောင်းတွေနဲ့ တွေ့ကြုံရတယ်ဆိုရင် သိပ်ကို ဝမ်းသာကြည်နူးစရာကောင်းမှာပဲ"ဟု ဆိုပါသည်။

တစ်ဆက်တည်းမှာပင်

"မိတ်ကောင်း ဆွေကောင်းဆိုတာ . . . မိမိကို အင်မတန်ပေးနိုင်ခက်တဲ့အရာကို ပေးတတ်တယ်။ အင်မတန်ပြုနိုင်ခက်တဲ့အမှုမျိုး၊ အကူအညီမျိုးကို လုပ်ဆောင်ပေးတတ်တယ်။ မိမိက သတိလွတ်လို့ပဲဖြစ်ဖြစ်၊ တခြားအခြေအနေတစ်ရပ်ကြောင့်ပဲဖြစ်ဖြစ် မကောင်းသဖြင့် ပြောဆိုမိတဲ့စကား၊ ပြုမိတဲ့ အပြုအမူမျိုးရှိလာရင်လည်း သည်းခံတတ်တယ်။

"မိမိက ဝှက်ထားစေချင်တဲ့၊ မပေါက်ကြားစေလိုတဲ့စကားကို ပြောမိတဲ့အခါမှာလည်း အဲဒီစကားကို မပေါက်ကြားအောင် လုံခြုံအောင်လျှို့ဝှက်ပေးတတ်တယ်။ ဘေးရန်အန္တရာယ်တွေနဲ့ ကြုံတွေ့လာတဲ့အခါမှာလည်း မိမိကို စွန့်ပစ်ကျောခိုင်းမသွားဘူး၊ ထားချန်မပစ်ခဲ့ဘူး၊ အကြောင်းမသင့်လို့ မိမိမှာ ပစ္စည်းဥစ္စာ ဆင်းရဲသွားတဲ့အခါမျိုး၊ အဆင့်အတန်း လျှောဆင်း နိမ့်ကျသွားတဲ့အခါမျိုးမှာလည်း မိမိကို မထီမဲ့မြင်မပြုဘူး။ အထင်သေးတဲ့ အပြောမျိုးနဲ့ မပြောတတ်ဘူး။ အထင်သေးတဲ့အကြည့်မျိုးနဲ့ မကြည့်တတ်ဘူး။

"မိမိချမ်းသာရင်၊ အောင်မြင်ရင်၊ ကျော်ကြားရင်လည်း မနာလိုမရှုဆိတ်မဖြစ်ဘူး။ မိမိနဲ့ထပ်တူပဲ ဝမ်းသာနေတတ်သေးတယ်။ မိမိရဲ့အောင်မြင်မှု၊ ကျော်ကြားမှုကို ဝမ်းမြောက်ဂုဏ်ယူစွာနဲ့ အခြားသူတွေကိုတောင် တစ်ဆင့်ပြောပြနေတတ်သေးတယ်တဲ့။ မိမိရဲ့ဂုဏ်သတင်းကို ညှိုးမှိန်စေတဲ့ မဟုတ်မတရားစကားမျိုးကို တစ်ပါးသူက ပြောလာရင်လည်း "ဒီလိုမဟုတ်ပါဘူး။ ဒီလိုမပြောသင့်ပါဘူး" စသည်ဖြင့် ဟန့်တားတတ်တယ်။

"တစ်ဦးနဲ့တစ်ဦးဝေးနေတုန်းမှာ အစားကောင်းစားရရင် မိမိကိုကျွေးချင်မွေးချင်စိတ်တွေနဲ့ အမှတ်များရနေတတ်သေးတယ်...တဲ့။ ပြီးတော့ မိတ်ကောင်းဆွေကောင်းဆိုတာ သဒ္ဓါတရားနဲ့ပြည့်စုံတယ်။ စင်ကြယ်တဲ့ သီလရှိတယ်။ အကြားအမြင်ဗဟုသုတများတယ်။ ဝန်တိုခြင်းမရှိဘူး။ ပညာနဲ့လည်း ပြည့်စုံတယ် . . . တဲ့။"

စသည်ဖြင့် မိတ်ကောင်းဆွေကောင်းတို့၏ ဂုဏ်အင်္ဂါနှင့် စိတ်နေသဘောထားများကို ပြောပြပါသည်။

ဆက်လက်၍ စင်ပေါ်ကမိတ်ဆွေကြီးက

"ဒီလိုစိတ်ထားမျိုးရှိတဲ့ မိတ်ဆွေတွေနဲ့ ဘဝခရီးမှာ တွေ့ရကြုံရဆုံရရင်တော့ သိပ်ကို ငြိမ်းအေးပြေလွင်တဲ့ ဘဝခရီးဖြစ်မှာပါပဲ။ လူဖြစ်ရကျိုးနပ်တယ်လို့တောင်ဆိုရမှာပါပဲ"ဟုဆိုပါသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာအပါအဝင် ယနေ့ကမ္ဘာတွင် မြေငလျင်များ မကြာခဏလှုပ်ခတ်လာခဲ့ရာ စင်ပေါ်က အခြားမိတ်ဆွေကြီးတစ်ဦးက ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့က လှုပ်ခတ်ခဲ့သည့် ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၃ နှင့် ၇ ဒသမ ၅ အကြားရှိ ပဲခူးငလျင်ကြီးအကြောင်းကို ပြောပြပြန်ပါသည်။

တစ်မြို့လုံးပျက်စီးပြီး လူပေါင်း ၅၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည့် ပဲခူးငလျင်ကြီးနှင့် စပ်လျဉ်း၍ မိတ်ဆွေကြီးက

"ကျွန်ုပ်တို့သည် ပဲခူးမြို့သို့ မတ်လ ၄ ရက်နေ့တွင် ပြောင်းရွှေ့လာကြ၍ မတ်လ ၅ ရက်နေ့တွင် မြန်မာပြည်၌ အကြီးဆုံးငလျင်ကြီးဟု အသိအမှတ်ပြုကြသည့် ပဲခူးငလျင်ကြီးလှုပ်ခြင်းကိုကြုံရ၏။ ကောင်းကင်ယံတစ်ခုလုံး မည်းမှောင် ၍ မြူမှုန်များ လွင့်တက်နေသလိုမြင်ရ၏။

"ထိုအခါ ကျွန်ုပ်အဖို့မှာ မြေကြီးပေါ်တွင် လေးဖက်ထောက်နေရန်ပင် မဖြစ်နိုင်တော့ဘဲ ယိုင်လဲမည်စိုးသည်နှင့် ဝမ်းဗိုက်ကို မြေသို့ကပ်၍ အလျားမှောက်နေလိုက်ရတော့သည်။ တောင်မျက်နှာကား မြူမှုန်များသည် မှောင်ကြီးမည်းမည်းထဲ၌ အလိပ်အလိပ်တက်နေကြ၍ မြေမျက်နှာပြင်သည်လည်း လေထန်သောရေပြင်သဖွယ် လှိုင်းကြီးများ တအိအိထကြွလျက်ရှိတော့သည်။ မျက်နှာနှင့် မြေကြီးနီးကပ်စွာရှိနေသောကြောင့်ပေလော မဆိုနိုင်။ မြေပြင်သည် ရေပြင်ပမာ လှိုင်းထနေသည်ကို မြင်ရခြင်းကား အမှန်ဖြစ်တော့သည်။ ထိုအချိန်ကာလ၌ ရင်ထဲတွင် စိတ်အားငယ်လိုက်ပုံကား ပြောဖွယ်ရာမရှိတော့ချေ။ အားငယ်ခြင်းသည် ဦးနှောက်ထဲမှမဟုတ်။ ရင်ဘတ်ထဲ၌ဖြစ်သည်ဟု ကျွန်ုပ်အမှန်ပြောနိုင်၏။ အားမငယ်ဘဲ နေချေမည်လော။ သတ္တဝါသည်မြေကြီးကို အခိုင်အမာထား၍ အခါခပ်သိမ်း အားကိုးအားထားပြုနေရသည်ဖြစ်ရာ မိမိကအခိုင်အမာထားသော မြေကြီးကိုယ်တိုင်က ဤကဲ့သို့အပြင်းအထန်လှုပ်ခါနေခြင်းကို လက်တွေ့ခံစားရသောအခါ၌ အားကိုးရာမဲ့ဖြစ်၍ အသည်းနှလုံးနှင့်အူထဲမကျန် လွတ်ကန်ပြီး အားငယ်မိသည်မှာ အထူးအဆန်း မဟုတ်ချေ။

"ထိုအခိုက်အတန့်၌ အတိတ်အနာဂတ်ကိုလည်းကောင်း၊ မည်သူမည်ဝါကိုလည်းကောင်း ဘာကိုမျှသတိမရ။ ကမ္ဘာပျက်ခြင်းဖြစ်သည်ဟူသော အမှတ်သညာတစ်ခုသာလျှင် စွဲကပ်လျက်ရှိပါတော့သည်" စသည်ဖြင့် ပြန်ပြောင်းပြောဆိုပါသည်။

မိတ်ကောင်းဆွေကောင်းတို့၏ ဂုဏ်အင်္ဂါနှင့် စိတ်နေသဘောထားများ၊ ၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်ကြီးနှင့် ကိုယ်တွေ့ အတွေ့အကြုံဖြစ်ရပ်များကို ပြန်ပြောင်းပြောဆိုကြသည့် စင်ပေါ်က မိတ်ဆွေကြီးများကား ကျွန်တော်၏ စာအုပ်စင်ပေါ်က ဆရာကြီးနန္ဒသိန်းဇံ၏ "မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း"စာအုပ်နှင့် ဆရာကြီးရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်တို့ပင်ဖြစ်ပါသည်။ စင်ပေါ်က မိတ်ဆွေဆရာကြီး အချို့ကလည်း ၎င်းတို့၏ ဘဝအတွေ့အကြုံဇာတ်ကြောင်းအဖုံဖုံကို အတုယူဖွယ်ရာ၊ သင်ခန်းစာယူဖွယ်ရာအဖြစ် ပြန်ပြောင်းပြောဆိုကြပါလိမ့်မည်။

အချို့ကား မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့ မျက်မှောက်ကာလတိုင် မြန်မာ့ခေတ်သမိုင်းအဆက်ဆက်ကိုချိတ်ဆက်၍ လည်းကောင်း၊ မြန်မာ့ခေါင်းဆောင်များ၊ ထင်ပေါ်ကျော်ကြားလူပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ပြောပြကြပါလိမ့်မည်။

ထိုနည်းတူ ကမ္ဘာကြီး၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့် ကမ္ဘာ့ခေါင်းဆောင်များ၊ နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြား လူပုဂ္ဂိုလ်များနှင့်လည်း မိတ်ဆက်ပေးကြပါလိမ့်မည်။ စာရေးဆရာ၊ သတင်းစာဆရာ ဆရာကြီးသိန်းဖေမြင့်က သူတို့ခေတ် သူတို့အတိတ် သူတို့အရိပ်များ၊ ဆရာကိုကိုမောင်ကြီးက သူသိသော တစ်ရံရောအခါများ၊ ဆရာမကြီးလူထုဒေါ်အမာက ယယ်ယယ်ကရေးဟောင်းနှောင်းဖြစ်များ၊ ဆရာကြီး သခင်တင်မြက ဘုံဘဝမှာကြုံခဲ့ရပုံများကို ပြန်ပြောင်းပြောဆိုပြပါလိမ့်မည်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်(ရွှေတူ)က မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ရဲဘော်သုံးကျိပ်ဝင်များ ဟိုင်နန်ကျွန်း၌ မြန်မာ့လွတ်လပ်ရေးအတွက် အပင်ပန်းဆင်းရဲခံ၍ စစ်ပညာသင်ကြားခဲ့မှုများ၊ ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်က တိုင်းပြည်က နုနု မုန်တိုင်းကထန်ထန်ကာလနှင့် မုန်တိုင်းလွန်သောကာလများ၊ ဆရာကြီး မိုးမိုးတာရောစန်က လွတ်လပ်ရေးရပြီးစ ပြည်တွင်းဆူပူသောင်းကျန်းမှုကာလတွင် မုန်တိုင်းကိုမမှုဘဲ အန်တုခဲ့ပုံများကို သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် ပြောပြကြပါလိမ့်မည်။ စင်ပေါ်က အခြားမိတ်ဆွေကြီးများကလည်း သင့်နှလုံးသားများကို သူတို့နှင့် ထပ်တူခံစားတတ်လာစေရန် ရသမြောက်ရေးဖွဲ့ပြီး ပြောပြပါလိမ့်မည်။ ပြည်တွင်းပြည်ပခရီးမသွားဖြစ်၊ မရောက်ဖြစ်ကြသေးသည့်သူများကိုလည်း ဒေသန္တရ ဗဟုသုတအလို့ငှာ ဆရာကြီးလင်းယုန်မောင်မောင်က သင့်အား ရွှာရိုးကိုးပေါက် ခေါ်ဆောင်သွားမည်ဖြစ်သလို ဆရာကျော်ဝင်းကလည်း မစ္စစ္စပီခရီးသည်အတွေ့အကြုံများကို ပြောပြပါဦးမည်။ တစ်ဆက်တည်းမှာပင် ဆရာက ဂန္ဓလရာဇ်ခရီးသည်အဖြစ် ရော၊ ဂင်္ဂါ၊ ယမုံနာကို သင့်အားတစ်ပါတည်း ခေါ်ဆောင်သွားပါဦးမည်။

ဆရာနောင်စစ်သည်ကလည်း အရှေ့ဖျားမှ တရုတ်နဂါးကြီးအကြောင်းနှင့် ရက်သတ္တပတ်ကိုရီးယားအတွေ့အကြုံ ဗဟုသုတများကို ဝေငှပေးပါလိမ့်ဦးမည်။ ယခုလတ်တလောမှာပင် ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က အိုဆာကာသို့သည်အဖြစ် ဂျပန်ရောက် ဧည့်ပါမောက္ခတစ်ဦး၏ အတွေ့အကြုံများကို ကျွန်တော့်အားပြောပြနေပါသည်။ ထိုထိုသော စင်ပေါ်ကမိတ်ဆွေကြီးများကား သူတို့နှင့် ရင်းနှီးစွာထိတွေ့ဆက်ဆံလာကြသူတိုင်းကို အကျိုးစီးပွားနှင့်ဆက်စပ်၍ အစဉ်ထာဝရ ကျေးဇူးပြုပေသည်။ သို့ကြောင့်ပင် စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုကြသည်မဟုတ်ပါလား။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများနှင့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အတွင်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။



မြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၄၁)၊ (၄၃)နှင့် (၄၄) နှစ်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာအသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ကွင်းဆင်းကြည့်ရှု**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိ

ယင်းနောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇေယျာသိဒ္ဓိရပ်ကွက် ပြည်ကြီးမဏ္ဍိုင်လမ်းအား ခြောက်ပေအကျယ် ပလက်ဖောင်းပြုပြင်ခြင်းနှင့် အုတ်စီရေမြောင်း ပြုလုပ်နေမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဥတ္တရသီရိမြို့နယ် ကျွန်းချောင်းလေးလမ်းအား ကျောက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ မန္တလေးလမ်းနှင့် သော်ကလမ်းထောင့်တွင် လမ်းပိုင်းများပြုပြင်နေမှု၊ Box Culvert ပြုပြင်နေမှုနှင့် ဇေယျဌာနီလမ်း ဆင်းမားမီးပွိုင့်အနီး နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး လုပ်ငန်းအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်းများ ကြည့်ရှုအားပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၆**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်တရားရုံးအသစ်ဆောင်ရွက်နေမှု၊ အမှတ်(၄)လမ်း ကျောက်စီရေနုတ်မြောင်းနှင့် ပလက်ဖောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မြို့နယ်တရားရုံးသို့ ရောက်ရှိပြီး ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် လွိုင်ကော်မြို့နယ် တရားရုံးပေ (၁၃၀ x ၅၀) သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံနှင့် သက်သေခံပစ္စည်းများ ထားသိုရန် ပေ (၃၀ x ၂၀ ) နှစ်ထပ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက်သွားရန်၊ လုပ်သားအင်အားနှင့် အလုပ်ချိန်တိုးမြှင့် ဆောင်ရွက်သွားရန်၊ မြေပြင်လုပ်ငန်းများသာမက ရုံးလုပ်ငန်းများပါ စနစ်တကျ အချိန်မီပြီးစီးစေရန် သက်ဆိုင်ရာဌာနများမှလည်း ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ်တရားရုံးနှင့် သက်သေခံပစ္စည်းများထားသိုရန် အဆောက်အအုံများ ဆောက်လုပ်လျက်ရှိသည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးနှင့် စနစ်တကျသွားလာနိုင်ရေးအတွက် ဒေါဥခူရပ်ကွက် အမှတ်(၄)လမ်းမကြီး တစ်လျှောက် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ကျောက်စီရေနုတ်မြောင်းနှစ်ဖက်နှင့် ပလက်ဖောင်းအရှည် ၂၂၅ မီတာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအမီ ဆောင်ရွက်ပြီးစီးရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက လမ်းနှင့် လမ်းပခုံးများအား သန့်ရှင်းသပ်ရပ်စွာ ရှင်းလင်းဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို



တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပေ (၄၀x၃၀) RCC တစ်ထပ်စာကြည့်တိုက်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့ အနေဖြင့်လည်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်း၌ ကျောင်းသားကျောင်းသူများ သင်ယူလေ့လာကျက်မှတ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း၊ သာမန်သင်တန်းနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်းဆင်းပွဲကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ် ချိုကြည် သာသနာ့ဗိမာန်တွင် ယနေ့ မွန်းလွဲပိုင်းက ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း၊ သာမန်သင်တန်းနှင့် ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေး သင်တန်းဆင်းပွဲများ ကျင်းပသည်။

သင်တန်း ဆင်းပွဲတွင် ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က အမှာစကား ပြောကြားပြီး ဖျာပုံခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒုတိယခရိုင် တပ်ဖွဲ့မှူးက သင်တန်းဆင်းပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း



ပြောကြားသည်။

**သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်**

ဆက်လက်၍ မန္တလေးငလျင်ကြီးအပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ဘိုကလေးမြို့နယ်မှ သွားရောက်ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ကြက်ခြေနီစေတနာ့ လုပ်အားရှင်များ၊ ဘိုကလေးမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် ၂၀၂၅ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း၊ အမှတ်စဉ်(၄/၂၅)၊ (၅/၂၅)၊ ရှေးဦးပြုစုခြင်း သာမန်သင်တန်းတွင် ထူးချွန်ခဲ့သူများအား ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေး သင်တန်း တက်ရောက်ခဲ့ကြသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ ဖျာပုံခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယခရိုင်တပ်ဖွဲ့မှူး ဦးသက်နိုင်၊ ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများ ၂၀၀ ခန့် တက်ရောက်ကြသည်။

**မိုးစက်(ဘိုကလေး)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လာမည့်သုံးနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၏ လျှပ်စစ်မီတာခ လျှော့ချရေးအစီအစဉ် ထုတ်ပြန်



ကိုလံဘို ဖေဖော်ဝါရီ ၁၆

**သီရိလင်္ကာနိုင်ငံ အမျိုးသားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအနေဖြင့် လျှပ်စစ်ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချခြင်းဖြင့် လာမည့်သုံးနှစ်အတွင်း လျှပ်စစ်မီတာခများ သက်သာစေရန် ရည်ရွယ်ဆောင်ရွက်နေသည့် ကိစ္စနှင့်ပတ်သက်ပြီး သီရိလင်္ကာအစိုးရက ဖေဖော်ဝါရီ ၁၅ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း Daily Mirror သတင်းစာက ဖော်ပြသည်။**

တစ်ချိန်တည်းတွင် သီရိလင်္ကာနိုင်ငံပိုင် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖြစ်သော စီလုံလျှပ်စစ်ဓာတ်အားပေးရေးဘုတ်အဖွဲ့က ၂၀၂၆ ခုနှစ် ဧပြီလမှ ဇွန်လအထိ ကာလအတွက် မီတာခကို ၁၃ ဒသမ ၅၆ ရာခိုင်နှုန်းတိုးမြှင့်ရန် သီရိလင်္ကာအများပြည်သူဆိုင်ရာ ဝန်ဆောင်မှုကော်မရှင် (PUCSL) ထံ တောင်းဆိုတင်ပြထားသည်။ ၎င်းတို့၏ သုံးလပတ် မီတာခတိုးမြှင့်ရေးဆိုင်ရာ အဆိုပြုချက်အပေါ် စည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့၏ ပြန်လည်သုံးသပ်မှုကို စောင့်ဆိုင်းနေစဉ်အတွင်း ယခုထုတ်ပြန်ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး အနီလ် ဂျာယန်သာ ဖာနန်ဒို က လျှပ်စစ်ဓာတ်အား ဈေးနှုန်းသတ်မှတ်မှုသည် ကုန်ကျစရိတ် ပြန်လည်ရရှိရေးဆိုင်ရာ မူဘောင်တစ်ခုနှင့် ဆက်စပ်နေဆဲဖြစ်ကြောင်း၊ ဆိုလိုသည်မှာ သုံးစွဲသူများ ပေးဆောင်ရသည့် မီတာခများသည် အခြေခံထုတ်လုပ်မှု ကုန်ကျစရိတ်များအပေါ် မှီတည်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။ သီရိလင်္ကာအစိုးရ၏ ဦးစားပေးလုပ်ငန်းမှာ မီတာခနှုန်းထားအပြောင်းအလဲကဲ့သို့သော ရေတိုဖြေရှင်းနည်းကိုသာ အားကိုးခြင်းထက် ထိုကုန်ကျစရိတ် မြင့်တက်စေသည့် အကြောင်းရင်းများကို ဖြေရှင်းရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

နိုင်ငံ၏ စွမ်းအင်ကဏ္ဍ အပြောင်းအလဲများသည် ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် လက်လီဈေးနှုန်းများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သဖြင့် လျှပ်စစ်မီတာခ ယာယီအတက်အကျများ ရှိနိုင်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိတွင် ဝင်ငွေနည်းအိမ်ထောင်စုများနှင့် ဘာသာရေးအဖွဲ့အစည်းများကဲ့သို့သော သီးခြားအဖွဲ့အစည်းကဏ္ဍများကို ဓာတ်အားထုတ်လုပ်မှု အမှန်တကယ် ကုန်ကျစရိတ်အောက် နှုန်းထားများဖြင့် လျှပ်စစ်မီး ဖြန့်ဖြူးပေးခြင်းနည်းလမ်းဖြင့် အကာအကွယ်ပေးရန် မူဝါဒယန္တရားတစ်ရပ်ရှိနှင့်ပြီးဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**




## ပင်လယ်ကြမ်းပြင်မှ မြေရှားသတ္တုစမ်းသပ်တူးဖော်မှုအောင်မြင်စွာ လုပ်ဆောင်ပြီးနောက် ဂျပန်နိုင်ငံတူးဖော်ရေးသင်္ဘော နေရပ်ပြန်လည်ရောက်ရှိလာ

**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်နိုင်ငံတူးဖော်ရေး သင်္ဘောတစ်စင်းသည် ပင်လယ်ရေအောက် မီတာထောင်ချီအနက်မှ မြေရှားသတ္တုပါဝင်သည်ဟု ယူဆရသော ရွှံ့ညွန်များကို စမ်းသပ်တူးဖော်မှု အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီးနောက် နေရပ်သို့ ပြန်လည်ဆိုက်ကပ်ရောက်ရှိလာပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ချီကျူးဟု အမည်ရသော အဆိုပါတူးဖော်ရေးသင်္ဘောမှာ ဖေဖော်ဝါရီ ၁၄ ရက်က ဂျပန်နိုင်ငံ အလယ်ပိုင်း ရှီမီဇုဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်ရောက်ရှိလာခြင်းဖြစ်သည်။ သုတေသီများသည် ဂျပန်နိုင်ငံ မီနာမီတိုရီရှီးမားကျွန်း၏ အရှေ့တောင်ဘက် ၁၅၀ ကီလိုမီတာခန့်အကွာ ပင်လယ်ကြမ်းပြင်တွင် တစ်လခန့်ကြာ ရှာဖွေစမ်းသပ်လေ့လာမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပစိဖိတ်သမုဒ္ဒရာရှိ ဧရိယာသည် ဂျပန်နိုင်ငံ၏ အထူးသီးသန့်စီးပွားရေးဇုန်အတွင်း တည်ရှိသည်။ ယခင်က ပြုလုပ်ခဲ့သော စစ်တမ်းများတွင် ယင်းပင်လယ်ကြမ်းပြင်၌ အဆင့်မြင့်နည်းပညာသုံး လုပ်ငန်းစဉ်များအတွက် မရှိမဖြစ် အရေးပါသော မြေရှားသတ္တုများ သိပ်သည်းစွာ ပါဝင်နေသည်ကို တွေ့ရှိခဲ့ကြသည်ဟု ဖော်ပြထားသည်။

သုတေသီများသည် အစိုးရအဖွဲ့ရုံး၏ စီမံကိန်းတစ်စိတ်တစ်ပိုင်းအနေဖြင့် ယခုလအစောပိုင်းတွင် ရေအောက်အနက် မီတာ ၅၇၀၀ ခန့်မှ ရွှံ့ညွန်များကို အောင်မြင်စွာ စုဆောင်းရယူနိုင်ခဲ့ကြောင်း သိရသည်။ ယခုအခါ စီမံကိန်းအသင်းအဖွဲ့သည် နမူနာများမှ မြေရှားသတ္တုများကို သီးခြားခွဲထုတ်ပြီး သန့်စင်ဆောင်ရွက်ရန် ရည်မှန်းလုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

■

## ၂၀၂၅ ခုနှစ်တွင် အာဖဂန်နစ္စတန်ပြည်သူ ၂၃ သန်းခန့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်ခဲ့ဟု ယူနီဆက်ထုတ်ပြန်

**ကဘူးလ် ဖေဖော်ဝါရီ ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ၌ ကလေးငယ် ၁၂ သန်းခန့် အပါအဝင် စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ဖြစ်သော ပြည်သူ ၂၂ ဒသမ ၉ သန်းခန့်သည် ပြီးခဲ့သည့်နှစ်အတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်ခဲ့ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်သည်။

အဆိုပါအစီရင်ခံစာအရ ရာသီဥတုဖောက်ပြန်မှုများ၊ ဆက်တိုက်ဖြစ်ပေါ်နေသော စီးပွားရေးရပ်တန့်မှုနှင့် အလုပ်လက်မဲ့နှုန်းမြင့်တက်လာမှုတို့ ပေါင်းစပ်ကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီလိုအပ်ချက်များကို သိသိသာသာ မြင့်တက်လာစေခဲ့သည်။

ထပ်တလဲလဲ ဖြစ်ပွားနေသော မိုးခေါင်မှုနှင့် ရေကြီးမှုများအပါအဝင် ရာသီဥတုဆိုးရွားမှု ဖြစ်စဉ်များသည် လက်ရှိရင်ဆိုင်နေရသော အခြေအနေများကို ပိုမိုအကျပ်အတည်းဖြစ်စေခဲ့ကြောင်း၊ ယင်းကအစားအစာ ပြတ်လပ်မှုများကို ပိုမိုဖြစ်ပေါ်စေပြီး မြို့ပြနှင့် ကျေးလက်ဒေသများရှိ အကန့်အသတ်ရှိသော ပြည်သူ့ဝန်ဆောင်မှုများအပေါ် ဖိအားများ ပိုမိုသက်ရောက်စေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် အထူးသဖြင့် ရေနှင့်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ကဏ္ဍတို့တွင် ရန်ပုံငွေ အခက်အခဲများ ကြုံတွေ့နေရကြောင်း ယူနီဆက်အဖွဲ့က အလေးအနက် ပြောကြားသည်။ ထိုသို့ ရန်ပုံငွေ လိုအပ်ချက်များကြောင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ထိခိုက်စေပြီး အသက် ကယ်ဆယ်ရေးအတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းများ ထောက်ပံ့မှု ပြတ်တောက်သွားနိုင်သည့်အပေါ် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

**ဓာတ်ပုံ – Tasnim News Agency**



## အိန္ဒိယနိုင်ငံ ဆေးပညာကဏ္ဍတွင် အေအိုင်ကို အသုံးပြုပြီး ပြင်းထန်သည့်ရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်တော့မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၆**

ဉာဏ်ရည်တု (အေအိုင်)သည် အိန္ဒိယနိုင်ငံတစ်ဝန်း ရှေ့တန်းကျန်းမာရေးစောင့်ရှောက်မှုကို အကောင်းဆုံး ပုံဖော်လျက်ရှိသည်။ နိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ် ပြည်နယ်တွင် အေအိုင်နည်းပညာသုံးဆေးခန်းကို ဖွင့်လှစ်ခဲ့သည်။ ဆေးပညာကဏ္ဍတွင် အထူးသဖြင့် ဆရာဝန်များရှားပါးပြီး ဝေးလံခေါင်သီသည့် ကျေးလက်ဒေသများ၌ အေအိုင်ကို အသုံးပြုခြင်းသည် နိုင်ငံရှေ့သို့သွားမည့် အဓိကခြေလှမ်းသစ်တစ်ရပ်ကို အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။

အဆိုပါဆေးခန်းကို လွန်ခဲ့သောလက အစိုးရအင်စတီကျူးရှင်းတစ်ခု၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရသည်။ ကင်ဆာနှင့် နှလုံးရောဂါကဲ့သို့သော ရောဂါအခြေအနေများကို စမ်းသပ်ကုသမည့် ဆရာဝန်များ လုံလုံလောက်လောက်မရှိခြင်းက စိန်ခေါ်မှုတစ်ခုအနေဖြင့် ဆက်လက်ကျန်ရှိလျက်ရှိသည်။

အေအိုင်နည်းပညာသုံးဆေးခန်းများ၌ အိန္ဒိယနိုင်ငံလုပ် အေအိုင်ရောဂါစမ်းသပ်မှုစနစ်များကို အသုံးပြုသွားမည်ဖြစ်သည်။ အေအိုင်သည် ဆရာဝန်များပေးပို့သည့် လူနာ၏ဓာတ်မှန်၊ သွေးအဖြေ၊ မျိုးရိုးဗီဇဆိုင်ရာအချက်အလက်များကို အမျိုးအမည် ခွဲခြားသွားမည်ဖြစ်သည်။ အေအိုင်၏တွေ့ရှိချက်များကို အသုံးပြုပြီး သမားတော်များက အစောပိုင်းအဆင့်၌ပင် လူနာများ၌ ဖြစ်ပွားနိုင်သည့် ပြင်းထန်သည့် ရောဂါအခြေအနေများကို ကြိုတင်ကာကွယ်သွားနိုင်မည်ဖြစ်သည်။

ထိုစနစ်က ဝေးလံခေါင်သီသည့် ဒေသများရှိ ဆရာဝန်များကို ရောဂါကုသမည့် အစီအစဉ်များကို ဝေမျှပေးခြင်းအားဖြင့်လည်းကောင်း၊ ကျွမ်းကျင်သည့် အကြံဉာဏ်များပေးခြင်းဖြင့်လည်းကောင်း ကူညီသွားရန်လည်း ရည်ရွယ်သည်။

အဆိုပါစနစ်သည် တစ်နေ့လျှင် အကြမ်းဖျင်းလူနာ ၂၀၀၀ ခန့်ကို အကဲဖြတ်ပေးသွားမည်ဖြစ်ပြီး အထူးသဖြင့် အထူးကုသမားတော်များ ရှားပါးသောဒေသများ၌ပင် လူနာများကို ပိုမိုအဆင့်မြင့်သည့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများပေးသွားနိုင်မည်ဖြစ်သည်ဟု ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ရာဟူးလ်ဆင်းဂ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)နှင့် အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီးတို့နှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို ပြန်လည် လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်ရုံတွင် အလုပ်ရုံ ၂၂ ရုံရှိသည့်အနက် အလုပ်ရုံ ၁၉ ရုံရှိ စက်ပစ္စည်းများကို စစ်ဆေးပြုပြင်၍ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် အလုပ်ရုံ သုံးရုံအနက် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့် အလုပ်ရုံ (Air Separation Plant)ကို မကြာမီအချိန်တွင် စမ်းသပ်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံရှိ အဓိကအလုပ်ရုံဖြစ်သည့် Romelt နည်းပညာအသုံးပြု သံရည်ကျိုအလုပ်ရုံရှိ တပ်ဆင်ထားရှိသော စက်ပစ္စည်းများကိုလည်း ကျွမ်းကျင်ပညာရှင်များက စစ်ဆေးပြီးဖြစ်ကြောင်း၊ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံကိုလည်း စက်တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း မှာကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးတို့က အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့်အလုပ်ရုံ (Air Separation Plant) စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့် အလုပ်ရုံ (Air Separation Plant)သို့ ရောက်ရှိပြီး စက်များ စမ်းသပ်လည်ပတ်မောင်းနှင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စက်များကိုစစ်ဆေးခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် AGS Co., Ltd. မှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ၍ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့်အလုပ်ရုံ (Air Separation Plant)အား ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေး၊ ကိုင်တွယ်မောင်းနှင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးတို့ကို ဆွေးနွေးကြပြီး ကျွမ်းကျင်ပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း) သို့ ရောက်ရှိပြီး စွပ်ကျယ်များ ချုပ်လုပ်နေမှု၊ စောင်များရက်လုပ်နေမှု၊ ဆေးရုံသုံးမွေ့ရာများချုပ်လုပ်နေမှု၊ လုပ်ငန်းခွင်သုံးဝတ်စုံများ ချုပ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံတာဝန်ခံနှင့် ဌာနတာဝန်ခံများနှင့် တွေ့ဆုံ၍ စက်ရုံများ၌ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စနစ်များ ထူထောင်ထားရှိပြီးဖြစ်၍ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ဝန်ကြီးဌာနများ၏ အမှာစာများကို အချိန်မီထုတ်လုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ချုပ်ထည်များအား ချုပ်ရိုးချုပ်သားကောင်းမွန်နိုင်ရေးအတွက် စနစ်တကျစစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်၊ ပူပြင်းရာသီရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် စီမံချက်များရေးဆွဲပြီး သရုပ်ပြလေ့ကျင့်ရန်နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေ-မင်းဂံသဘော်ဆိပ်လမ်း (0.5km-1.0km) ကြားလမ်းပိုင်းတွင် ရေတိုက်စားခြင်းမှ ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မောင်နီပြင်ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို သွားရောက်ကြည့်ရှုရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ဒေသခံပြည်သူများအတွက် အကျိုးပြုနေမှုအခြေအနေများကိုရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာသူ ကျေးရွာသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ခေါင်း-ရေချမ်းပြင်လမ်းပိုင်းတွင် ကတ္တရာလမ်းများအား ပြန်လည်ပြုပြင်နေမှု၊ စစ်တွေမြို့နယ် သက္ကေပြင် ကျေးရွာသွားလမ်း (၀/၄ ဒသမ ၀၅)မိုင်အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် (၀/၇ ဒသမ ၃၃)မိုင်ကို ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ စစ်တွေ- ပလ္လင်ပြင်လမ်းပိုင်း၌ ရေနုတ်မြောင်းများ ဆောင်ရွက်နေမှု၊ အပိုင်းလိုက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြေသားတာပေါင်ဆောင်ရွက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**တင်ထွန်း (ပြန်/ဆက်)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ရေနံစိမ်းအကြောင်း သိကောင်းစရာ

စွမ်းအင်မှုဝါဒ ကျောင်းသား

- **အရည်ပျစ်ဖြစ်သော Heavy Oil သည် အပူပေးပါက ဖြည်းညင်းစွာအရည်ပျော်ပြီး နိုင်လွန်ကတ္တရာ (asphalt)အဖြစ် အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများစွာ ထွက်ရှိပေသည်။ ရေနံချက်စက်ရုံလုပ်ငန်းစဉ်များတွင် သိပ်သည်းခြင်းများ၍ ဖြိုခွဲဖျက်ဆီးရန် ခက်ခဲလှသည့် ဓာတုဖြစ်စဉ်များကြောင့် Heavy Oil ကို ချက်လုပ်ရန် လုပ်ငန်းစဉ်များ များပြားခြင်းနှင့်အတူ စီးပွားဖြစ်ပစ္စည်းများထုတ်လုပ်ရန် အဆင့်မြင့်နည်းပညာများစွာနှင့် ကုန်ကျစရိတ်များပြားစွာ လိုအပ်ပါသည်**
- **အရည်ကျဲဖြစ်သော Light Oil သည် Heavy Oil ထက် ရေနံချက်လုပ်သည့်လုပ်ငန်းစဉ်များ လျော့နည်း၍ ဓာတ်ဆီ၊ ဒီဇယ်နှင့် လေယာဉ်ဆီ စသည့် လောင်စာဆီများနှင့် အသုံးဝင်လူသုံးကုန်ပစ္စည်းများစွာ လွယ်ကူစွာထုတ်လုပ်နိုင်သဖြင့် ရေနံချက်စက်ရုံလုပ်ငန်းများအတွက် စီးပွားရေး တွက်ခြေကိုက်လှပေသည်**

**ရေနံစိမ်းဖြစ်ပေါ်လာပုံ**

အဏ္ဏဝါရေအောက်သတ္တဝါများနှင့် အပင်တို့၏ ရုပ်ကြွင်းဟောင်းများသည် နှစ်ထောင်ပေါင်းများစွာ ကြာမြင့်လာသောအခါ ၎င်းတို့အပေါ်ရှိ သဲ၊ နုန်းနှင့် ကျောက်လွှာတို့၏ ပြင်းထန်သောဖိအားနှင့် အပူတို့ကြောင့် အရည်အဖြစ် ပြောင်းလဲဖြစ်ပေါ်လာသည်။ ယင်းအရည်တွင် ဟိုက်ဒရိုဂျင်နှင့် ကာဗွန် အဓိကပါဝင်သဖြင့် ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းအဖြစ် လူသိများပြီး နိုက်ထရိုဂျင်၊ ဆာလဖာနှင့် အောက်ဆီဂျင်ဒြပ်စင်တို့လည်း ပါဝင်ပေသည်။

ကျောက်လွှာကြီးများနှင့် သဲလွှာကြီးများအတွင်း တွေ့ရှိရသော ယင်းဟိုက်ဒရိုကာဗွန်ဓာတ်ပေါင်းအရည်များကို တူးဖော်ရယူ၍ လောင်ကျွမ်းခြင်းဖြစ်စဉ်များ ပြုလုပ်ပါက ဓာတ်ဆီ၊ ဒီဇယ်မှစ၍ အဝတ်အထည်နှင့် ပလတ်စတစ် စသည့် အသုံးဝင်ပစ္စည်းအများအပြား ထုတ်လုပ်နိုင်သော ဓာတုကုန်ကြမ်းများ ရရှိနိုင်သဖြင့် ယနေ့ခေတ်ကမ္ဘာတွင် မရှိမဖြစ် ရုပ်ကြွင်းဖြစ်လောင်စာ- ရေနံစိမ်း (Crude Oil) အဖြစ် လူသိများလှပေသည်။ ကျောက်လွှာအတွင်းရှိ ရေနံ (Rock Oil) ဟု အဓိပ္ပာယ်ရသည့် လက်တင်ဘာသာစကား "Petroleum" ဟူ၍လည်း ခေါ်ဝေါ်ကြလေ့ရှိသည်။ ရေနံစိမ်းအများစုမှာ အမည်းရောင်ဖြစ်သဖြင့် တန်ဖိုးထားခြင်းအရ ရွှေမည်း(Black Gold) ဟုလည်း တင်စားလေ့ရှိပေသည်။

**သဘာဝရေနံစိမ်း စိမ့်တွင်းတစ်ခုအသုံးဝင်ပုံ**

ကမ္ဘာပေါ်ရှိ သက်ရှိများ ရှင်သန်လှုပ်ရှားရန် လိုအပ်သောစွမ်းအင်ကဏ္ဍ၏ မရှိမဖြစ် အရင်းအမြစ်တစ်ခုမှာ ရေနံစိမ်းပင်ဖြစ်သည်။ ရေနံစိမ်းကို အပူပေးလောင်ကျွမ်းစေပြီး ဓာတုဖြိုခွဲခြင်းများ ဆောင်ရွက်၍ ထုတ်လုပ်ရရှိနိုင်သော အဖိုးတန် အသုံးဝင်ပစ္စည်းများမှာ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ စက်ပစ္စည်းများအတွက် ချောဆီ၊ နေ့စဉ်လူမှုဘဝနှင့် စက်မှုလုပ်ငန်းများအတွက် အရေးပါသည့် ရေနံဓာတုပစ္စည်းများ (ပလတ်စတစ်၊ ရော်ဘာတု၊ ဓာတ်မြေသြဇာ၊ ချွတ်ဆေး၊ ဖျော်ရည်-Solvent)၊ ဆေးဝါးဆိုင်ရာပစ္စည်းများ၊ ဖိုင်ဘာပစ္စည်းများ၊ ဖယောင်း၊ အရောင်တင်ဆေးများနှင့် အလှအပဆိုင်ရာ ပစ္စည်းများ၊ လမ်းခင်းခြင်းအတွက် လိုအပ်သော နိုင်လွန်ကတ္တရာ၊ ကတ္တရာစေးတို့ ဖြစ်ပေသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် အဆောက်အအုံများ အပူပေးစနစ်တို့အတွက် လောင်စာအဖြစ်လည်း အသုံးပြုနိုင်ပေသည်။

**ရေနံစိမ်းအမျိုးအစားများ**

ရေနံစိမ်းတွင်ပါဝင်သော ဒြပ်စင်များ၏ ပေါင်းစည်းမှုမှာ ရှုပ်ထွေးပြီး ပါဝင်မှုပုံစံများအရ အမျိုးအစားများစွာကွဲပြားပေသည်။ တူးဖော်ရရှိသော ရေနံစိမ်းများ၏ သိပ်သည်းဆ(Density) အပေါ်မူတည်၍ ယေဘုယျအားဖြင့် Heavy Oil နှင့် Light Oil ဟူ၍ သတ်မှတ်လေ့ရှိကြသည်။ ထိုကဲ့သို့ သတ်မှတ်သော်လည်း သိပ်သည်းဆ၏ ယူနစ် ကီလိုဂရမ်/ ကုဗမီတာကို အသုံးပြုလေ့မရှိဘဲ အမေရိကန် ရေနံအဖွဲ့အစည်း (American Petroleum Institute- API) ၏ ယူနစ် API Gravity ဒီဂရီဖြင့်သာ သတ်မှတ်ဖော်ပြလေ့ရှိပေသည်။ API Gravity ဒီဂရီ တန်ဖိုးများပါက ရေနံအရည်ကျဲ (Light Oil) ဖြစ်၍ API Gravity ဒီဂရီတန်ဖိုး နည်းပါက ရေနံအရည်ပျစ် (Heavy Oil) ဖြစ်ပါသည်။

အရည်ပျစ်ဖြစ်သော Heavy Oil သည် အပူပေးပါက ဖြည်းညင်းစွာ အရည်ပျော်ပြီး နိုင်လွန်ကတ္တရာ (asphalt)အဖြစ် အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများစွာ ထွက်ရှိပေသည်။ ရေနံချက်စက်ရုံလုပ်ငန်းစဉ်များတွင် သိပ်သည်းခြင်းများ၍ ဖြိုခွဲဖျက်ဆီးရန် ခက်ခဲလှသည့် ဓာတုဖြစ်စဉ်များကြောင့် Heavy Oil ကို ချက်လုပ်ရန် လုပ်ငန်းစဉ်များ များပြားခြင်းနှင့်အတူ စီးပွားဖြစ် ပစ္စည်းများ ထုတ်လုပ်ရန် အဆင့်မြင့်နည်းပညာများစွာနှင့် ကုန်ကျစရိတ်များပြားစွာ လိုအပ်ပါသည်။

အရည်ကျဲဖြစ်သော Light Oil သည် Heavy Oil ထက် ရေနံချက်လုပ်သည့် လုပ်ငန်းစဉ်များ လျော့နည်း၍ ဓာတ်ဆီ၊ ဒီဇယ်နှင့် လေယာဉ်ဆီ စသည့် လောင်စာဆီများနှင့် အသုံးဝင်လူသုံးကုန်ပစ္စည်းများစွာ လွယ်ကူစွာ ထုတ်လုပ်နိုင်သဖြင့် ရေနံချက် စက်ရုံလုပ်ငန်းများအတွက် စီးပွားရေး တွက်ခြေကိုက်လှပေသည်။

ရေနံစိမ်းတွင်ပါဝင်သော ဆာလဖာပမာဏ အနည်းအများအရ Sweet Oil နှင့် Sour Oil ဟူ၍ အမျိုးအစားခွဲခြားနိုင်ပေသည်။ Sweet Oil တွင် ဆာလဖာ ၁ ရာခိုင်နှုန်းအောက်သာ ပါဝင်လေ့ရှိသည်။ Sour Oil တွင် ဆာလဖာ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ ပါဝင်လေ့ရှိသည်။ ရေနံစိမ်းကို အပူပေးချက်လုပ်ရာတွင် စွန့်ထုတ်သော ဆာလဖာ အောက်ဆိုက်များသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကုစားရန် ရေနံချက်လုပ်ငန်းများတွင် ဆာလဖာများ ဖယ်ထုတ်ရသည့် လုပ်ငန်းစဉ်ကို ထည့်သွင်းရသဖြင့် ကုန်ကျစရိတ် ပိုမိုများပြားစေပါသည်။ ယေဘုယျအားဖြင့် ရေနံစိမ်းသည် ပိုမို Heavier ဖြစ်ပါက ဆာလဖာ ပါဝင်မှု ပိုမိုများပြားလေ့ရှိပါသည်။

ရေနံစိမ်းတစ်ဂရမ်တွင် ပိုတက်ဆီယမ် အောက်ဆိုက် (KOH)ပါဝင်မှု ပမာဏအရ Total Acid Number (TAN) သတ်မှတ်လေ့ရှိသည်။ TAN မြင့်ပါက ရေနံစိမ်းနှင့်ထိတွေ့သော အရာဝတ္ထုများကို သံချေးစားခြင်းများ ပိုမိုဖြစ်ပေါ်သဖြင့် ယင်းရေနံစိမ်းများအတွက် သံချေးစားခြင်းကာကွယ်ရန် ပစ္စည်းများ ရွေးချယ်အသုံးပြုရခြင်းကြောင့် သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ချက်လုပ်ခြင်းတို့အတွက် ကုန်ကျစရိတ် ပိုမိုများပြားပေသည်။

ရေနံစိမ်းကိုအပူပေး၍ ဓာတုဖြိုခွဲခြင်းများ (ရေနံချက်ခြင်း) ဆောင်ရွက်ပါက အသုံးဝင်လူသုံးကုန်ပစ္စည်းများအတွက် ဓာတုကုန်ကြမ်းများ ထုတ်လုပ်ရရှိပါသည်။ ရေနံချက်လုပ်ခြင်းအတွက် အကောင်းဆုံးရေနံစိမ်း (Ideal Oil) သည်- ဆာလဖာပါဝင်မှုနည်းပါးသော (Sweet Oil)၊ API Gravity ဒီဂရီ တန်ဖိုးများသော ရေနံကျဲ(Light Oil)၊ သံချေးစားခြင်းနည်းသော TAN- ပိုတက်ဆီယမ် အောက်ဆိုက် (KOH) ပါဝင်မှု နည်းပါးသည့် ရေနံစိမ်းပင်ဖြစ်သည်။

**ဒေသအလိုက် စံရည်ညွှန်းသတ်မှတ်ချက်မီ ရေနံစိမ်းများ (Benchmark Crude Oil)**

ရေနံစိမ်းထွက်ရှိရာ ဒေသအလိုက် လူသိအများဆုံး ဈေးကွက်ဝင် Benchmark Oils သုံးမျိုးမှာ- WTI, Brent နှင့် OPEC Crude တို့ဖြစ်ပေသည်။

West Texas Intermediate (WTI) ရေနံစိမ်းသည် အမေရိကန်နိုင်ငံမှ ထွက်ရှိသည်။ API ၃၉ ဒသမ ၆ ဒီဂရီ၊ ဆာလဖာပါဝင်မှု ၀ ဒသမ ၂၄ ဖြစ်သဖြင့် Light, Sweet Oil အမျိုးအစားဖြစ်သည်။ Brent ရေနံစိမ်းသည် မြောက်ပိုင်းပင်လယ်မှ ထွက်ရှိသည်။ API ၃၈ ဒသမ ၃ ဒီဂရီ၊ ဆာလဖာပါဝင်မှု ၀ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် Light, Sweet Oil အမျိုးအစားပင်ဖြစ်သည်။

ရေနံစိမ်းတင်ပို့သော နိုင်ငံများအဖွဲ့အစည်း- Organization of Petroleum Exporting Countries (OPEC) တွင် အီရန်၊ အီရတ်၊ ကူဝိတ်၊ ဆော်ဒီအာရေးဗီးယား၊ ဗင်နီဇွဲလား၊ လစ်ဗျား၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အယ်လ်ဂျီးရီးယား၊ နိုင်ဂျီးရီးယား၊ ဂါဘွန်၊ အီကွေတိုရီယယ် ဂွန်နီယာနှင့် ကွန်ဂိုတို့ပါဝင်၍ ထိုနိုင်ငံများမှ ထွက်ရှိသော OPEC Crude Oil များသည် Heavier and Sour Oil အမျိုးအစားများဖြစ်သည်။ ရေနံစိမ်းချက်လုပ်ရန် ကုန်ကျစရိတ်များပြားသည်။ OPEC အဖွဲ့ဝင်နိုင်ငံအများစုသည် ရေနံစိမ်းပိုင်ဆိုင်မှုပမာဏ အများဆုံးရှိသည့် နိုင်ငံများဖြစ်သည်။

**ရေနံဓာတု စက်မှုလုပ်ငန်းများ (Petrochemical Industry)**

၁၉ ရာစုအစောပိုင်းကတည်းက တွင်ကျယ်စွာ အသုံးဝင်လာသော ရေနံစိမ်းသည် ယနေ့ကမ္ဘာတွင် မရှိမဖြစ် စွမ်းအင်အရင်းအမြစ် ဖြစ်လာသည်နှင့်အမျှ နည်းပညာအဆင့်မြင့်မားလာခြင်းနှင့်အတူ အလှကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၏ ကုန်ကြမ်းပစ္စည်းများအထိ အသုံးဝင်ပစ္စည်းများ ပိုမိုများပြားစွာ ထုတ်လုပ်နိုင်ပေသည်။ လိုအပ်သော ကဏ္ဍစုံပစ္စည်းများကို ထုတ်လုပ်နိုင်သည့် ရေနံဓာတုစက်မှုလုပ်ငန်းများသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းများဖြစ်ပေသည်။

ချက်လုပ်ခြင်းအားဖြင့် လောင်စာဆီ၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများအထိရရှိသော ရေနံစိမ်းသည် ကမ္ဘာ့စီးပွားရေးဈေးကွက် အပြောင်းအလဲဖြစ်စေသည်အထိ မရှိမဖြစ်အရေးပါလှပေသည်။

*စာမျက်နှာ ၁၇ သို့*

**❝ ၂၀၂၅ ခုနှစ်တွင် ရေနံထုတ်လုပ်မှု အများဆုံး ၁၀ နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဆော်ဒီအာရေးဗီးယား၊ ကနေဒါ၊ တရုတ်၊ အီရတ်၊ ဘရာဇီး၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီရန်နှင့် ကူဝိတ်နိုင်ငံတို့ဖြစ်ပေသည်။ ရေနံစိမ်းထုတ်လုပ်သုံးစွဲသော နိုင်ငံများသာမက ရေနံစိမ်းထွက်ရှိခြင်းမရှိသော နိုင်ငံအများအပြားကပင် လိုအပ်သည့်ရေနံစိမ်းများကို ဝယ်ယူတင်သွင်း၍ ရေနံစိမ်းများ သန့်စင်ချက်လုပ်ရန် Refinary စက်ရုံများ တည်ဆောက်ခြင်းနှင့် ရေနံ ဓာတုစက်မှုလုပ်ငန်းများ အင်တိုက်အားတိုက် လည်ပတ်စေခြင်းတို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ချမ်းသာကြွယ်ဝမှုရရှိရန် နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည် ❞**

# မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ၏ ထင်ရှားသောဘုရားပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး တပေါင်းလဆန်း ၁ ရက်မှ လပြည့်နေ့အထိ (ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၂ ရက်အထိ) ၁၅ ရက်ကြာကျင်းပမည့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး၏ တောင်ခြေရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီးတို့သည် ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကာ သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ဦးစီးပဓာနနာယက သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုပြီး ဆရာတော်ကြီးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြတ်မော်တင်တောင်ခြေနှင့် အနီးဝန်းကျင်ကျေးရွာများတွင် သီတင်းသုံးတော်မူကြသော ဆရာတော်အရှင်သူမြတ် ၂၁၆ ပါးအား ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်ခဲ့ကြသည်။ ထို့နောက် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား ပြည်သူများ အရိပ်အာဝါသအောက်တွင် အေးချမ်းစွာဖူးမြော်နိုင်ရန်အတွက် တောင်ဘက်အာရုံခံတန်ဆောင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပရာ မင်္ဂလာဘိသေကပညာရှင်က ဗုဒ္ဓါဘိသေကမင်္ဂလာ ဩဘာစာတမ်းအား ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာဆရာတော်၊ မြတ်မော်တင်ကျောင်းတိုက် ပဓာနနာယကဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်တို့က ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မင်္ဂလာမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များက မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပပြီး သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြတ်မော်တင်စွန်းစေတီတော် ကုန်းမြေအောက်ခြေအား ပင်လယ်ရေလှိုင်းရိုက်ခတ်မှုမှကာကွယ်ရန် ဆောင်ရွက်ထားသည့် ကျောက်စီလှိုင်းကာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒသမအကြိမ် သာမဏေကျော်စာမေးပွဲ ဘွဲ့လက်မှတ်နှင့် စာအောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၆**

သာသနမာမက သာသနာလင်္ကာရ အသင်းက ကြီးမှူးကျင်းပသော ဒသမအကြိမ်မြောက် ကရင်ပြည်နယ်ကိုယ်စားပြု မြန်မာနိုင်ငံလုံးဆိုင်ရာ သာမဏေကျော် စာမေးပွဲကြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့(မူလဒွါရ)ဥက္ကဋ္ဌ အမိတာရာမရဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နောင်ဟင်ကျောင်းဆရာတော်ဘဒ္ဒန္တအာလောကထံမှ ဩဝါဒကထာ နာယူကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**ဘွဲ့လက်မှတ်ချီးမြှင့်**

ယင်းနောက် သာသနမာမက သာသနာလင်္ကာရ အသင်းနာယက ကော့ဝါလဲကျေးရွာ အေးချမ်းသာယာတောရကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒက သာသနမာမက သာသနာလင်္ကာရ စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် စေတနာရှင် အလှူရှင်များက စာအောင်ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဘွဲ့လက်မှတ်၊ စာအောင်လက်မှတ်၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အေးချမ်းသာယာ တောရကျောင်းဆရာတော်က ဩဝါဒကထာ မြွက်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် စာအောင်သံဃာ၊ သာမဏေ၊ သီလရှင်တို့အား ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ရေနံစိမ်းဈေးကြီးမြင့်ပါက လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းမှသည် ကမ္ဘာ့ကုန်စည်ဈေးကွက်အထိ ရိုက်ခတ်နိုင်သဖြင့် နိုင်ငံအဆင့်သာမက ကမ္ဘာ့အဆင့်အထိ အရေးပါလှပေသည်။

ရုပ်ကြွင်းဖြစ်လောင်စာဖြစ်သော ရေနံစိမ်းသည် အချိန်တိုအတွင်း ပြန်လည်ဖြစ်တည်နိုင်ခြင်းမရှိသော ပြန်လည်ပြည့်ဖြိုးမြဲလောင်စာ မဟုတ်သည့် လောင်စာအရင်းအမြစ် (Non–Renewable Energy Resource) ဖြစ်ပြီး ဖြုံခွဲအသုံးပြုပါက ပတ်ဝန်းကျင်ထိခိုက်စေသော ကာဗွန်ထုတ်လွှတ်မှုများ ရှိသော်လည်း စီးပွားရေးတွက်ခြေကိုက်မှုနှင့် အသုံးဝင်မှုတို့ကြောင့် သုံးစွဲမှုနှင့် အားထားရမှုတို့ကို လျှော့ချနိုင်ခြင်းမရှိသေးပါ။ ၂၀၂၅ ခုနှစ်တွင် ရေနံထုတ်လုပ်မှုအများဆုံး ၁၀ နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဆော်ဒီအာရေးဗီးယား၊ ကနေဒါ၊ တရုတ်၊ အီရတ်၊ ဘရာဇီး၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီရန်နှင့် ကူဝိတ်နိုင်ငံတို့ဖြစ်ပေသည်။

ရေနံစိမ်း ထုတ်လုပ်သုံးစွဲသော နိုင်ငံများသာမက ရေနံစိမ်းထွက်ရှိခြင်းမရှိသော နိုင်ငံအများအပြားကပင် လိုအပ်သည့်ရေနံစိမ်းများကို ဝယ်ယူတင်သွင်း၍ ရေနံစိမ်းများ သန့်စင်ချက်လုပ်ရန် Refinary စက်ရုံများ တည်ဆောက်ခြင်းနှင့် ရေနံဓာတုစက်မှုလုပ်ငန်းများ အင်တိုက်အားတိုက် လည်ပတ်စေခြင်းတို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ချမ်းသာကြွယ်ဝမှုရရှိရန် နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ပြီး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

၂၀၂၄ ခုနှစ်တွင် ရေနံစိမ်းအသားတင်တင်သွင်းခြင်းအများဆုံး ငါးနိုင်ငံမှာ – တရုတ် ၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ဖြစ်သည်။ ထိုငါးနိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုသည် နိုင်ငံတကာဈေးကွက်ရှိ စုစုပေါင်းရေနံတင်သွင်းမှု၏ ၆၀ ဒသမ ၅ ရာခိုင်နှုန်းအထိရှိပေသည်။ ရေနံဓာတုစက်မှုလုပ်ငန်းများသည် ကမ္ဘာ့စွမ်းအင်ဈေးကွက်၏ အဓိကမောင်းနှင်အားဖြစ်သဖြင့် စီးပွားရေးဗျူဟာမြောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ရေနံဓာတုစက်မှုလုပ်ငန်းများ၏ ၅၁ ရာခိုင်နှုန်းမှာ တရုတ်၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့တွင် တည်ရှိလည်ပတ်လျက်ရှိပေသည်။

**ရေနံစိမ်းချက်လုပ်ခြင်း သုံးသပ်ချက်**

ရေနံစိမ်း ကုန်သွယ်ခြင်း (တင်ပို့ရောင်းချခြင်း/ ဝယ်ယူတင်သွင်းခြင်း)၊ ရေနံဓာတုစက်မှုလုပ်ငန်းလည်ပတ်ခြင်းတို့နှင့်အတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ လူနေထိုင်မှု အဆင့်ပြေချောမွေ့ခြင်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ယှဉ်တွဲလေ့လာပါက ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့သည် ရေနံကုန်သွယ်ခြင်းနှင့် ရေနံဓာတုစက်မှုလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပေသည်။ စီးပွားရေးကောင်းမွန်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သော တရုတ်ပြည်မကြီးနှင့် အိန္ဒိယနိုင်ငံတို့သည်လည်း နိုင်ငံ၏အဓိကလုပ်ငန်းအဖြစ် ရေနံစိမ်းထုတ်လုပ်ခြင်း၊ ရေနံစိမ်းတင်သွင်း၍ ချက်လုပ်သန့်စင်ခြင်းဖြစ်သော ရေနံဓာတုစက်မှုလုပ်ငန်းများကို လုပ်ကိုင်လည်ပတ်ပြီး အကျိုးအမြတ်များစွာဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်ခြင်းတို့ လျော့နည်းစေရေးကို ထည့်သွင်းစဉ်းစား၍ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းတားဆီးရေးဆိုင်ရာ နိုင်ငံတကာ ကတိကဝတ်များကို လိုက်နာရမည်ဖြစ်သော်လည်း ရုပ်ကြွင်းဖြစ်လောင်စာ– ရေနံစိမ်းကို ရှာဖွေထုတ်လုပ်ရေး၊ တင်ပို့ရောင်းချရေး/ ဝယ်ယူတင်သွင်းရေးနှင့် ရေနံဓာတု စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး စသည့်အချက်တို့ကို နိုင်ငံသားတို့၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စွမ်းအင်မူဝါဒချမှတ်ရာတွင် မဖြစ်မနေထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

**References**


Daniel Liberto, C. M. (Aug,28, 2025).
Crude Oil: Definition, Importance for Investors, and Market Impact. Investopedia.
Editors, B. (8 Jan. 2026). . "crude oil".
Types of Crude Oil: Heavy vs Light, Sweet vs Sour, and TAN count | Kimray
What Is the Density of Crude Oil? – Biology Insights
Uses of Petroleum – GeeksforGeeks
Crude Oil Products: Types, Uses, and Everyday Applications
Crude Oil Imports by Country 2024
Global top ten active petrochemical complexes
Top 10 Crude Oil Producers in 2025 – List of Countries – NetValuator



# ချောင်းဆုံမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာအုပ်စု မုနိုင်းကျေးရွာရှိ ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး သွားရောက်ကြည့်ရှုဖူးမြော်ပြီး ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးနှင့် ပတ်သက်၍ ဘက်စုံမွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ဆရာတော်ကြီးထံ လျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒကိုခံယူ၍ ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းတို့အတွက် လိုအပ်သည်များကို ကုသိုလ်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

စည်သူ(ပြန်/ဆက်)

# လယ်ဝေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လယ်ဝေးမြို့နယ် သာစည်ကျေးရွာအဝင်တွင် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ (ဖြည့်စွက်)ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Box Culvert နှစ်ခု တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့် မှန်တောကျေးရွာ ကွင်းအမှတ် ၁၈၁၁ တွင် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၄ ပေရှိ မြေသားကုန်ထုတ်လမ်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြားခဲ့သည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း တာဝန်ရှိသူများ လိုက်ပါလျက် လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ Full Moon ကိုယ်ပိုင်မူလတန်းကျောင်းနှင့် အမှတ်(၃)ရပ်ကွက်ရှိ Wisdom Light ကိုယ်ပိုင်မူလတန်းကျောင်းများ သက်တမ်းတိုးခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများအတွက် ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)





# မုဒုံမြို့နယ်၌ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးပေးအပ်

**မုဒုံ ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ စီမံကိန်းဧရိယာအတွင်း ပါဝင်သည့် လယ်မြေများအတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး ပေးချေနိုင်ရေးအတွက် ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တောင်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဟသ်ာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က စီမံကိန်း စုစုပေါင်းမြေဧကမှာ ၄၆၉၅ ဒသမ ၅၈ ဧကဖြစ်ကြောင်း၊ ယခုစီမံကိန်းတွင် ပါဝင်သည့် တောင်သူများအား မြေယာနှင့် သီးနှံလျော်ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်မြေစာရင်း ဦးစီးမှူးက မြေယာလျော်ကြေး ပေးချေနိုင်ရေးကိစ္စများနှင့် ပတ်သက်၍ ထပ်မံရှင်းလင်း ပြောကြားပြီး တာဝန်ရှိသူများက မြေယာလျော်ကြေးငွေများကို တောင်သူများထံ လက်ဝယ်အရောက် ထုတ်ပေးသည်။

ရာမည (ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ထန်းတပင်မြို့နယ်၌ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်နည်းပြဆရာဖြစ်သင်တန်းဖွင့်

**ထန်းတပင် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကြီးမှူး၍ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်နည်းပြဆရာဖြစ် သင်တန်းအမှတ်စဉ်(၁)ကို ဖေဖော်ဝါရီ ၁၆ ရက်က ကျောင်းကုန်းကျေးရွာရှိ ရတနာသိဂီကျောင်းတိုက်ကြီး၌ ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စိန္တိတာရာမ နိမ္မိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိန္တိတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသီလာစာရက သြဝါဒကထာ မြွက်ကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးသန်းဝင်းက (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်နည်းပြဆရာဖြစ် သင်တန်းအမှတ်စဉ်(၁) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(၃၈)ဖြာမင်္ဂလာတရားတော်မြတ်များကို လိုက်နာကျင့်သုံးစေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို သုံးရက်ကြာဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့လည်း သင်တန်းသား သင်တန်းသူ ၁၂၀ တို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ပြည်ကြီးတံခွန်မြို့နယ်၌ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ 191 Report application ထည့်သွင်းပေးခြင်း၊ မီးသတ်စခန်းစစ်ဆေးခြင်းနှင့် မီးသတ်ရေလှောင်ကန်အသစ် တည်ဆောက်နေမှုများကို ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ သင်းပန်းကုန်းရပ်ကွက်အတွင်း တစ်အိမ် တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် 191 Report application ထည့်သွင်းပေးခြင်းများကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ (စ)ရပ်ကွက် အရန်မီးသတ်စခန်းရှိ မီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာများ အသင့်ရှိမှု၊ ကွံခိုင်ကောင်းမွန်မှုများ စစ်ဆေးခြင်းနှင့် လောကပါလအရန်မီးသတ်စခန်းတွင် မီးသတ်ရေလှောင်ကန်အသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်၌ (အလွတ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖလားတိုက်နယ်ပေါင်းစုံ (အလွတ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အောင်ဆန်းသူရိယလှသောင်းအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဗိုလ်လုပွဲယှဉ်ပြိုင်ရာ မြို့မတိုက်နယ်အသင်းက ၄ ဂိုး-၂ ဂိုးဖြင့် ပညာရေးအသင်းကို အနိုင်ရခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## ကျွန်းစုမြို့၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ကျွန်းစု ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ ဆောင်ရွက်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဌေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များက မီးလောင်မှုများ၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ပြီး ဈေးအတွင်းရှိ မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ မရှိ စစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



## မိုးနဲမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား

**မိုးနဲ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် နွေရာသီ အခြေခံအားကစား သင်တန်းများကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်၍ မြို့နယ်ပြည်သူ့အားကစားကွင်းနေရာ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အဆိုပါ သင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်းနှင့် အေရိုးဗစ်/ Fitnessdance စသည့် သင်တန်းများကို သင်တန်းနည်းပြများက သင်ကြားပေးလျက်ရှိပြီး သင်တန်းကို တစ်လကြာ သင်ကြားပေးမည်ဖြစ်ရာ မြို့နယ်အတွင်းရှိ အားကစားဝါသနာပါသူများ မည်သူမဆိုတက်ရောက်နိုင်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရေကြည်မြို့နယ်၌ ကြိမ်၊ ဝါး၊ သင် လက်မှုပစ္စည်း ထုတ်ကုန်သင်တန်းဖွင့်လှစ်

**ရေကြည် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြိမ်၊ ဝါး၊ သင် လက်မှုပစ္စည်း ထုတ်ကုန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက် (ဓမ္မာရုံ)၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထူးနိုင်က အမှာစကားပြောကြားပြီး ကြိမ်၊ ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကြိမ်၊ ဝါးလက်မှုပစ္စည်း ပြုလုပ်ပုံအဆင့်ဆင့်၊ ဝါးပင်များ၏ တန်ဖိုးရှိပုံနှင့် အကျိုးကျေးဇူးများ၊ ဝါးပင်များမှ ပေးစွမ်းနိုင်သည့်ထုတ်ကုန်များ၊ ဈေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရက်တိုသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းဆရာ ဆရာမ ခြောက်ဦးတို့က သင်တန်းကို လေးရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပျဉ်းမနား ဖေဖော်ဝါရီ ၁၆

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ပျဉ်းမနားမြို့နယ် သူငွေးကုန်းကျေးရွာ ဘက်စုံခြံ၊ စိုက်ခင်း ၁၅ ဧကတွင် စိုက်ပျိုးထားရှိသည့် ရုရှားနေကြာမျိုးများဖြစ်သည့် MAKHAON ၊ VULKAN နှင့် IPPOLIT မျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နေကြာပန်းပွင့်ချိန်ရောက်ရှိပြီဖြစ်၍ ပိုးမွှားရောဂါကျရောက်မှု မဖြစ်ပွားစေရေး ဂရုပြုဆောင်ရွက်ပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ်သမဝါယမအသင်းစု ကြက်မွေးမြူရေးခြံရှိ New Hope ကြက်မျိုးကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် တပ်ပိုးကျေးရွာသို့ သွားရောက်၍ အသားတိုးဝက်များ မွေးမြူထားရှိမှုအခြေအနေများနှင့် နို့စားနွားမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့်ရောဂါများ မဖြစ်ပွားစေရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် ဘောဂသီရိရပ်ကွက်နှင့် ကင်ပွန်းတန်းဈေး ဆက်သွယ်ထားသည့် ခရေလမ်းပေါ်ရှိ ငလိုက်ချောင်းကူးတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တံတားလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ် စံချိန်၊ စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြိတ်တက္ကသိုလ်၏ (၁၆)ကြိမ်မြောက် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တက္ကသိုလ်၌ (၁၆)ကြိမ်မြောက် နေ့သင်တန်းနှင့် အဝေးသင် သင်တန်း ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




ဦးစွာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပသော(နေ့သင်တန်း) စာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဘွဲ့ရမောင်မယ်များအား ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိက မဟာဘွဲ့ ရှစ်ဦး၊ ဂုဏ်ထူးဘွဲ့ ၂၄ ဦး၊ ရိုးရိုးဘွဲ့ ၃၀၀ စုစုပေါင်း ၃၃၂ ဦးခန့်အား ဘွဲ့လက်မှတ်များ အပ်နှင်းသည်။

အခမ်းအနားသို့ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စီမံ/သင်တန်း အရာရှိများ၊ ဘွဲ့ရမောင်မယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်သည်။

ထို့ပြင် မြိတ်တက္ကသိုလ် အဝေးသင်သင်တန်း ဘွဲ့နှင်းသဘင်ခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပသော (အဝေးသင် သင်တန်း) စာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဝိဇ္ဇာနှင့်သိပ္ပံ ဘွဲ့ရမောင်မယ် ၅၆၇ ဦးအား ဘွဲ့များ အပ်နှင်းပေးအပ်မည်ဖြစ်ပြီး အလားတူ ဖေဖော်ဝါရီ ၁၉ ရက်တွင်လည်း ဆက်လက်ကျင်းပမည်ဖြစ်ရာ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ မောင်မယ် ၅၅၄ ဦးအား ဘွဲ့များအပ်နှင်းပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ထန်းတပင်မြို့နယ်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြော

**ထန်းတပင် ဖေဖော်ဝါရီ ၁၆**

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦးက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ဇီဝလုံခြုံမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များကို အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာကြသည် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြသည့် ဒေသခံတောင်သူများအား အသိပညာပေး လက်ကမ်းစာစောင်များနှင့် မွေးမြူရေးလုပ်ငန်းသုံး ခြံဖျန်းဆေးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကျောက်ကြီးမြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းနှင့် အခြေခံဘင်ခရာသင်တန်းဖွင့်ပွဲကျင်းပ

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် (၁/၂၀၂၆) အခြေခံရှေးဦးပြုစုခြင်းသင်တန်းနှင့် အခြေခံဘင်ခရာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ခံ ဒေါ်ဆွေဆွေမြင့်က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုလှိုင်က ဝမ်းမြောက်စကားပြန်လည်ပြောကြားပြီး အလှူရှင်တစ်ဦးက ပေးပို့လှူဒါန်းသည့် ဗလာစာအုပ်နှင့် ဘောပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ထံသို့ ပေးအပ်သည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ် အာဖေးရွာ၌ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဖေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ တာချီလိတ်ခရိုင် ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ငြိမ်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးလှမင်းနိုင်၊ လွယ်တော်ခမ်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ အာဖေးရွာ ကျေးရွာရပ်မိရပ်ဖ ဦးအဟာနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ဒေါ်လေးမေယော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ငြိမ်းအောင်နှင့် ဦးစိုင်းအွန်ခမ်းတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အာဖေးရွာ အခြေခံပညာမူလတန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ထွန်းနှင့် ကျေးရွာရပ်မိရပ်ဖတို့က ကျေးဇူးတင်စကားပြောကြားသည်။

**မြင့်မိုရ်(တာချီလိတ်)**



## လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

- ❄ ရုံးချိန်အတွင်း အလင်းရောင် ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။
- ❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။
- ❄ ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီးသုံးစွဲမှုများ ရှိ/မရှိ သေချာစိစစ်ရန်။
- ❄ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်းဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။

# ဗလင်စီယာက တန်းဆင်းဇုန်မှ လီဗန်တေးကို အနိုင်ယူပြီး ရှုံးပွဲဆက်မှု အဆုံးသတ်



စပိန်လာလီဂါပွဲစဉ် (၂၄) မှ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဗလင်စီယာအသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် တန်းဆင်းဇုန်မှ လီဗန်တေးနှင့် ဗလင်စီယာအသင်း ပွဲစဉ်တွင် ဗလင်စီယာအသင်းက ရာမာဇာနီ၊ ဆာဒစ်တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ခြေကုန်ထုတ်လာသော လီဗန်တေးနှင့် ရှုံးပွဲဆက်မှု ချေဖျက်ရန် အာရုံစိုက်ကစားလာသော ဗလင်စီယာအသင်းတို့ တွေ့ဆုံမှုဖြစ်သည့်အတွက် နောက်ဆုံးမိနစ်အထိ အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

ဗလင်စီယာအသင်းသည် ယခုပွဲစဉ် မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဘက်တစ်၊ ဘီလ်ဘာအို၊ ရီးရဲမက်ဒရစ်အသင်းပွဲစဉ်တွင် သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ထားသည်။ ခံစစ်အဆိုးရွားဆုံး အသင်းထဲ ပါဝင်နေသည့် လီဗန်တေးအသင်းကလည်း ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် အသင်း ဖြစ်သည်။

ဗလင်စီယာအသင်းသည် လီဗန်တေးအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မိနစ် ၆၀ ကျော်အထိ သွင်းဂိုးရရေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ပွဲကစားချိန် ၆၄ မိနစ်တွင် ရာမာဇာနီ၏သွင်းဂိုးကြောင့် ဗလင်စီယာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော လီဗန်တေးအသင်း၏ အားထုတ်မှုများမှာ ဗလင်စီယာအသင်း၏ ကျစ်လျစ်မာကျောသည့် ခံစစ်ကို ကျော်ဖြတ်နိုင်စွမ်း မရှိသည့်အတွက် အချည်းနှီးဖြစ်ခဲ့ရသည်။

ဗလင်စီယာအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ဆာဒစ်က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်တွင် ဘက်တစ်က မာယော့ကာကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



# ဘင်းဆစ်က မာနေရိုးကို အနိုင်ရရှိကာ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် ၃၂ ဦးအဆင့် တက်လှမ်း

ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘယ်လင်ဒါ ဘင်းဆစ်က စပိန်တင်းနစ်မယ် ဂျက်ဆီကာ ဘူဇက်စ်မာနေရိုးကို အကြိတ်အနယ်ကစားပြီး ၂-၆၊ ၆-၁၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဘင်းဆစ်သည် ယခုပြိုင်ပွဲမတိုင်မီယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ဒုတိယအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့ပြီး ပြိုင်ဘက် ချက်ဇ်တင်းနစ်မယ် နီကိုလာဘာတွန်ကိုဗာကို ၃-၆၊ ၆-၀၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူ ဖြစ်သည်။

ဘင်းဆစ်သည် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် ၃၂ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် ဆာရာဘေးလက်ခ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဘေးလက်ခ်သည် ၆၄ ဦးအဆင့်တွင် တူကီယဲတင်းနစ်မယ် ဇေနက်ဆွန်မက်နှင့် တွေ့ဆုံခဲ့ပြီး ၆-၂၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့် တက်လှမ်းလာသူ ဖြစ်သည်။

ဘင်းဆစ်နှင့်အတူ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ် ၃၂ ဦးအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ပဲဂူလာ၊ တော်ဆန်၊ အန်ဒရေဗာ၊ ဂေါ့ဖ်၊ ရှိုင်ဘာကီနာ၊ ပါအိုလီနီ၊ နာဗာရိုတို့ တက်ရောက်နိုင်ခဲ့သည်။

# အာဆင်နယ်က လိဂ်ဝမ်းကလပ် ဝီဂန်ကို အနိုင်ယူပြီး အက်ဖ်အေဖလား ပဉ္စမအဆင့်တက်ရောက်

အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် လိဂ်ဝမ်းကလပ် ဝီဂန်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ်နိုင်ပွဲရရှိပြီး ခြောက်နှစ်အတွင်း ပဉ္စမအဆင့်သို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို အမ်းမရိတ်ကွင်း၌ ဖေဖော်ဝါရီ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၉၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

အာဆင်နယ်အသင်းသည် ဝီဂန်အသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ထိန်းချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများရယူကာ ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ဝီဂန်အသင်းသည် အာဆင်နယ်အသင်း၏ ထိန်းချုပ်ကစားမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့ပြီး ပြိုင်ပွဲစုံ ငါးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ထို့အပြင် ဝီဂန်အသင်းသည် လိဂ်ဝမ်းအမှတ်ပေး ပြိုင်ပွဲတွင်လည်း ရုန်းကန်နေရသည့်အသင်းဖြစ်ပြီး ပွဲစဉ် (၃၀) အပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။



အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပြီးနောက် တောင်ပံတိုက်စစ်ကစားသမား မာဒူကီ အောင်ပွဲခံစဉ်။

## လီဂူးဝမ်းပွဲစဉ် -၂၂ ပွဲပြီးရလဒ်

| ၁၆-၂-၂၀၂၆ | | (တနင်္လာနေ့) |
|---|---|---|
| လိုင်ယွန် | ၂ - ၀ | နိုက်စ် |

## လီဂူးဝမ်း ဂိုးအများဆုံး သွင်းယူထားသူများ

| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| ဂရင်းဝုဒ် | မာဆေးလ် | ၁၄ |
| ပင်နီချယ်လီ | စထရာဘော့ဂ် | ၁၂ |
| လီပေါလ် | ရင်းနက်စ် | ၁၁ |
| ရှူးလ် | လိုင်ယွန် | ၁၀ |
| ဆာအိဒ် | လန်းစ် | ၁၀ |
| ဒမ်ဘီလီ | ပီအက်စ်ဂျီ | ၈ |

## စီးရီးအေ ဂိုးအများဆုံး သွင်းယူထားသူများ



| အမည် | အသင်း | သွင်းဂိုး |
|---|---|---|
| မာတီနက်ဇ် | အင်တာမီလန် | ၁၄ |
| ပက်ဇ် | ကိုမို | ၈ |
| ယေလ်ဒက်ဇ် | ဂျူဗင်တပ်စ် | ၈ |
| ပူလီဆစ် | အေစီမီလန် | ၈ |
| ဟွိုက်လန်း | နာပိုလီ | ၈ |

## နောက်ဆုံးရ အားကစားသတင်းတိုများ

- နော်တင်ဟမ်ဖောရက်စ်အသင်းခံစစ်ကစားသမား မာရီလို (၃၂ နှစ်) သည် ယခုနှစ်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဖြစ်သည်။ ၎င်းကို ချယ်ဆီးနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- နာပိုလီအသင်းသည် အသင်းမှ ကွင်းလယ်ကစားသမား စကော့သ်မက်တွန်မီနေး (၂၉ နှစ်) ကို စာချုပ်သက်တမ်းတိုးရန် ၎င်း၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ချယ်ဆီးနှင့် စပါးအသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်းမှ တောင်ကိုရီးယားဗဟိုခံစစ်ကစားသမား ကင်မင်ဂျေး (၂၉ နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- မန်ယူနှင့် အာဆင်နယ်အသင်းတို့သည် အေစီမီလန်အသင်းမှ အမေရိကန်တိုက်စစ်ကစားသမား ပူလီဆစ် (၂၇ နှစ်) ကို ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ၎င်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် ၁၇ ပွဲကစားပြီး ရှစ်ဂိုးသွင်းကာ နှစ်ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

■ မိုးဇက်-စုစည်းရေးသားသည်

# နောင်ချိုမြို့နယ် တောင်ရှည်တိုက်နယ်ဆေးရုံပြန်လည်ဖွင့်လှစ် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိ

**နောင်ချို ဖေဖော်ဝါရီ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နှီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်း(ယာယီ) ရပ်ဆိုင်းထားသော နောင်ချိုမြို့နယ် တောင်ရှည်တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင်ပြီး၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးစွာတောင်ရှည်တိုက်နယ်ဆေးရုံအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့ကာ တောင်ရှည်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ပွဲအခမ်းအနား၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်နိုင်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းညွန့်ဦးနှင့် ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းတို့က အမှာစကားပြောကြားပြီး အဆိုပါဖွင့်ပွဲအခမ်းအနားသို့ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူစုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာနအနေဖြင့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်တွင်လည်းကောင်း၊



နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး ယခုအခါ တောင်ရှည်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက် တောင်ရှည်၊ မဲပုတ်၊ ရေတွင်းကြီး၊ ရွှေမုဋ္ဌော၊ နောင်တော၊ အင်းဖိုကျေးရွာ အုပ်စုများမှ ဒေသခံတိုင်းရင်းသားပြည်သူ ၃၀၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲ ၃၅ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ် အောက်ကလေးများအား အထူးအစီအစဉ်(Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ အသက် ၁၅ နှစ်အောက် စုစုပေါင်း ၃၄၂၇၀ အား လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆီဆိုင်၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဆီဆိုင်၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဖေဖော်ဝါရီ ၁၅ ရက်က စုစုပေါင်းဘိန်းစိုက်ခင်း ၄၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှ ညနေ ၅ နာရီအထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု နားစေးစောက်ကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်အား လည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ အထိ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဘော်ကုန်းကျေးရွာအုပ်စု လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၄ ဧကခန့်အား လည်းကောင်း။

ထို့အတူ နံနက် ၁၁ နာရီ ၃၀ မိနစ်မှ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ထိ ပင်လောင်း မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် လုံပျဉ်ကျေးရွာအုပ်စု နောင်ပိုးကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၆ ဧကခန့်အား လည်းကောင်း အသီးသီးဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



# သထုံမြို့နယ်၌ နွေရာသီအခြေခံပန်းချီနှင့် ဂီတသင်တန်း အခမဲ့ဖွင့်လှစ်

**သထုံ ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ကြေးသွန်းဘုရားဝင်းအတွင်း၌ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်၌ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး အခြေခံပန်းချီရေးဆွဲနည်းနှင့် ဂီတသင်တန်းတို့ကို ယနေ့ မွန်းလွဲပိုင်းကစတင်ကာ အခမဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။



ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပန်းချီပညာရပ်အား နားလည်ပြီး ကြံဆရေးဆွဲနိုင်ခြင်းဖြင့် ထိုးထွင်းကြံဆနိုင်သည့် အလေ့အကျင့်ကောင်းကို ရရှိစေမည်ဖြစ်ကာ ၎င်းတို့၏ ပညာရေး၊ ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ဂီတပညာရပ်အား စိတ်ပါဝင်စားသည့် လူငယ်များအတွက် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်း ဖန်တီးပေးခြင်းဖြင့် ဝါသနာပါရာကို သင်ယူလေ့လာကာ နွေရာသီကျောင်းပိတ်ရက်၌ အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း သင်တန်းကြီးကြပ်သူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကာ နေ့စဉ်မွန်းလွဲ ၂ နာရီခွဲမှ ၄ နာရီအထိ နှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၇၀ ခန့် တက်ရောက်ကြလျက်ရှိကာ ပန်းချီပညာရှင် နည်းပြလေးဦးနှင့် ဂီတပညာရှင်တစ်ဦးတို့က အခြေခံပန်းချီ စနစ်တကျရေးဆွဲနည်းနှင့် ဂီတပညာအခြေခံတို့ကို အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ်၌ မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**တနင်္သာရီ ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက အောင်မင်္ဂလာဈေး (၁) နှင့် (၂) တို့တွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုလစ်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အေးကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးတို့က မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကာ မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်ဦးချိုနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

## သရုပ်ပြလေ့ကျင့်

ဆက်လက်၍ အောင်မင်္ဂလာဈေး(၁)နှင့်(၂) ရှိ ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကြိုတင် ကာကွယ်နိုင်ရေးနှင့် မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ကိုအသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သီသီခိုင်(ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်သြဝါဒါစရိယ ပုဏ္ဏာမာရာမစျေးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြသဓာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ အမှတ်(၄) ရပ်ကွက်၊ ပုဏ္ဏာမာရာမစျေးကျောင်းတိုက် ဦးစီးပဓာနနာယက၊နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသြသဓာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက) သက်တော် ၁၀၄ နှစ်၊ သိက္ခာ ၈၄ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ (၁၆-၂-၂၀၂၆) ရက်၊ တနင်္လာနေ့၊ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တော်လှန်ရေး အကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၂၅-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ် ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်တိက္ခသာရ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ သြဝါဒခံယူကြပြီး မျက်စိ ဝေဒနာရှင်များအတွက် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်နှင့်အတူ ဆေးရုံအတွင်းဆေးရုံတက်ရောက် ကုသနေသူများအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော်(၄၃)ခုအနက် (၃၇) ခုမြောက် အာယုဒါနဆေးရုံတော်ဖြစ်ပြီး ၎င်းဆေးရုံ၌တစ်နေ့လျှင် မျက်စိဝေဒနာရှင် ၁၃၀ ခန့်အား မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များ ခြစ်ထုတ်ခြင်း၊ မျက်လုံးအစားထိုး ကုသခြင်းများကို ယနေ့မှစ၍ ဖေဖော်ဝါရီလ ၂၄ ရက်အထိ ကုသပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နိုင်ငံတော်သြဝါဒါစရိယဆရာတော် ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ပုဏ္ဏာမာရာမစျေးကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဘဒ္ဒန္တသြသဓာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ၊ ခမည်းတော် ဦးဘိုးချိန် + မယ်တော် ဒေါ်မယ်သင် တို့မှ ၁၂၈၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်တွင် မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ၊ ဆန်နီချောင်ဇယသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြုလျက် အဘိုး ဦးဘိုးလှိုင်၊ အဘွားဒေါ်ခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့တွင် ဆန်နီချောင် ဇယသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြုလျက် အဘိုး ဦးဘိုးလှိုင်၊ အဘွား ဒေါ်ခင်နှင့် ဒေါ်သဲလှိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ၊ ဇယသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ ကျုံပျော်မြို့၊ ဝဠုဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဗလ၊ ဘဒ္ဒန္တအတုလ၊ ဘဒ္ဒန္တကေတု၊ ဘဒ္ဒန္တဝိနာယက၊ ညောင်တုန်းမြို့၊ စျေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တကုသလ၊ ပုပ္ပါးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝံသိက၊ ထုံးဘိုကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿန၊ သပြုကျေးရွာ၊ ကျောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသ၊ မန္တလေးမြို့၊ ထီးလင်းတိုက် ဇောတိကာရုံအုပ်ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဝေယံဘုံသာတိုက်အောင်နန်းဆရာတော်ဘဒ္ဒန္တကလျာဏ၊ ဘုရားကြီး တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တနာရဒ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဘိဝံသသုဓမ္မာပရိယတ္တိဓမ္မာစရိယ" ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မြို့နယ်အတွင်း အသိလိမ္မာ ဘာသာရေးတရား အရေးထား လေးစားစေရန်အတွက် ဘာသာစာရိတ္တသင်တန်း၊ မင်္ဂလာသင်တန်း၊ အဘိဓမ္မာသင်တန်း၊ ဓမ္မစကြာသင်တန်းများကို အခါတော်နေ့များတွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်း၊ ပရိယတ္တိသာသနာတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲအသင်းကြီးတွင် မဟာနာယက၊ ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ နဂါးနီရှင်သာမဏေစာမေးပွဲတွင် ဝန်ဆောင်နာယက၊ မဟာနာယက၊ ၁၃၁၉ ခုနှစ်မှ ၁၃၄၂ ခုနှစ်အထိ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ခြင်း၊ ဆဋ္ဌသံဂါယနာတင်ပွဲတွင် သုဓမ္မာနိကာယ ပါဠိဘာဏကအဖွဲ့၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ ၁၃၄၂ ခုနှစ်၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရွေးချယ်ပွဲမှအစပြု၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၆၆ ခုနှစ်မှ ၁၃၇၂ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ အကျိုးတော်ဆောင် တာဝန်များကို ထမ်းဆောင်တော်မူခဲ့ခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် သြဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲတို့ကို ပြင်ဆင်တည်းဖြတ်ပြုပြင်ရေး တာဝန်များ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော လဒ္ဓိပေသလသိက္ခာကာမဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပရိယတ္တိမာမကဂုဏ်၊ သာသနစုရာဝဟဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ပိဋ္ဋကတ္တယဆေကဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၄ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၄ နှစ်၊ သိက္ခာ ၈၄ ဝါအရ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ (၁၆-၂-၂၀၂၆)ရက်၊ တနင်္လာနေ့၊ နံနက် ၁၀ နာရီ ၄၅ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နွေသီးနှံစိုက်ပျိုးတောင်သူများအား မဲဇလီရေလှောင်ဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံ တောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစပြီး ပွင့်ဖြူမြို့နယ် မဲဇလီရေလှောင်ဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**စိုက်ပျိုးရေလုံလောက်စွာရရှိ**

ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေဆောင်ရွက်ပေးသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ပွင့်ဖြူမြို့နယ်အတွင်း တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ တောင်သူများ နွေသီးနှံစိုက်ပျိုးနိုင်ရေး ဖြန့်ဝေအသိပေးနှိုးဆော်ထားကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဧက ၃၃၂၃၅ ဧကနှင့် နွေနှမ်းစိုက်ပျိုးဧက ၃၃၇၃၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# အကြိမ် (၄၀) မြောက် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း စာအောင်ဆုနှင်းသဘင်ကျင်းပ

**သာကေတ ဖေဖော်ဝါရီ ၁၆**

သာကေတမြို့နယ် ကျက်သရေဆောင် ၁၀၈ - တောင်မဟာဗောဓိစွယ်တော်ရှင် စေတီတော် အနီးရှိ ဟာသ်ါတအတွင်းပတ္တမြား စာသင်တိုက်ခွဲတွင် ဟာသ်ါတအတွင်း ပတ္တမြားစာသင်တိုက်ခွဲ ဩဝါဒါစရိယနှင့် ဂန္ထဝါစကဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း အကြိမ်(၄၀)မြောက် စာအောင်ဆုပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်သုခကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသည့် သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ် ကြသည်။ ထို့နောက် အောင်သုခကျောင်းတိုက်ဆရာတော်က ဩဝါဒကထာ မြွက်ကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချခဲ့သည်။

ဆက်လက်၍ စာအောင် သံဃာဆုပေးအပ်ပွဲ ကျင်းပရာ ပထမကြီးတန်း သုံးပါး၊ ပထမလတ်တန်း ရှစ်ပါး၊ ပထမငယ်တန်း ငါးပါး၊ အခြေပြုမူလတန်း ၄၃ ပါး၊ မူကြိုတန်း ၂၂ ပါး၊ စုစုပေါင်းသံဃာတော် ၈၁ ပါးတို့အား ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအောင်ထူး၊ အတွင်းရေးမှူး ဦးကြီးမြင့်နှင့် တာဝန်ရှိသူများက စာအောင်ဆုများကို အသီးသီး ဆက်ကပ်ခဲ့ကြပြီး အလှူရှင်များက စာအောင်သံဃာတော်များကို နဝကမ္မဝတ္ထုငွေများ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**အလှူငွေဆက်ကပ်**

ထို့နောက် အောင်သုခကျောင်းတိုက် ဆရာတော်အား နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းပြီး ၁၀၈ တောင်မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီးနှင့် ဇိနမာရ်အောင်စေတီတော်မြတ်ကြီးတို့အတွက် ပရိယတ္တိသာသနာနုဂ္ဂဟအသင်းမှ အလှူငွေကျပ် သုံးသိန်းစီ ပေးအပ်လှူဒါန်းခဲ့ကြသည်။

သဲထက်ဇင်(ပြန်/ဆက်)



# အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**ဟိုမိန်း ဖေဖော်ဝါရီ ၁၆**

ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့ရှိ မွေးကင်းစ အသက် နှစ်လမှ အသက် နှစ်နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ဟိုမိန်းကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို လင်းခေးမြို့နယ် ဟိုမိန်းမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက လစဉ်ပုံမှန်ဆောင်ရွက်လျက်ရှိရာ မွေးကင်းစ အသက်နှစ်လမှ အသက် နှစ်နှစ်အောက် ကလေးငယ်များအား အသက်အပိုင်းခြားအလိုက် သတ်မှတ်ကာကွယ်ဆေးများဖြစ်သည့် ဆံ့ဆို့ကြက်ညှာ၊မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်မြှေးရောင်ရောဂါ၊ (၅)မျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေး၊ ထိုးဆေးများကို ထိုးနှံတိုက်ကျွေးပေးကြောင်း သိရသည်။

စိုင်းငင်း (ပြန်/ဆက်)

# နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးနိုင်ရန် ကင်းတားလက်ဝဲမြောင်းမှ ဆည်ရေစတင်ပေးဝေ

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း ယခုနှစ် နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးနိုင်အတွက် ကင်းတားလက်ဝဲမြောင်းမှ ယနေ့တွင် ဆည်ရေစတင်ပေးဝေနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဝမ်းတွင်းမြို့နယ် ကင်းတားလက်ဝဲမြောင်းမကြီး ပေတိုင်-၁၃၄၂၀၀ ရှိစမုံရေငုပ်ပြွန်ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လာရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ နွေသီးနှံစိုက်ဧကများအား ဖေဖော်ဝါရီ ၁၅ ရက်အမီ ယာယီရေပေးမြောင်းဖြင့် ရေပေးဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှုအရ တူးမြောင်းပေါင်မြေဖို့ခြင်း၊ စမုံမြစ်ဖြတ်ကျော်ရေသွယ်လျှောက် တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ပြီးဖြစ်သဖြင့် ကင်းတားရေလှောင်တမံမှ ဆည်ရေကို အဆိုပါယာယီရေသွယ်လျှောက်မှတစ်ဆင့် စမုံမြစ်အောက်ပိုင်းရှိ ကင်းတားလက်ဝဲမြောင်းမကြီး လက်တံ-၉ မှ လက်တံ-၁၇ ထိ နွေသီးနှံ လျာထားစိုက်ဧက ၂၁၀၀၀ အတွက် လိုအပ်သော စိုက်ပျိုးရေကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ဆည်ရေပေးဝေနေမှုအား ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကွင်းဆင်းစစ်ဆေးပြီး တောင်သူများက လက်တံမြောင်းများအလိုက် စနစ်တကျ ရေရယူသုံးစွဲနိုင်ရေးနှင့် တူးမြောင်းများ ကျိုးပေါက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဘုန်းမြတ်



မန္တလေးမြို့ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၆ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

စိုးသီဟ(အမရ)

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များရှိ ဘာသာရေးအသင်းတော်ပိုင် မြေနေရာများတွင် ယာယီခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုများနှင့် သွားရောက်တွေ့ဆုံ၍ မိုးမကျမီ လုံခြုံစွာနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆** ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ဒေသတွင်း နယ်မြေလုံခြုံရေး အခြေအနေကြောင့် နေရပ်မြို့များနှင့် ကျေးရွာများကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာသော မိသားစုများကို နေထိုင်စားသောက်မှု အဆင်ပြေစေရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များရှိ ယာယီခိုလှုံရာစခန်း သုံးခုသို့ သွားရောက်ပြီး မိုးမကျမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းတွေ့ဆုံ ဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တပ်ကုန်းရပ်ကွက်အတွင်းရှိ လာချိဒ်နှစ်ခြင်းအသင်းတော်ဝင်းအတွင်းရှိ စခန်း(၁)သို့ သွားရောက်၍ စခန်းနေ အိမ်ထောင်စု ၂၇၀ နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စခန်းတာဝန်ခံများက စခန်းအတွင်း အိမ်ထောင်စုများ သောက်သုံးရေ၊ ချိုးရေ၊ စားရိက္ခာ၊ လျှပ်စစ်မီးနှင့် ရေဝပ်သည့်နေရာများတွင် မြေဖို့ပေးနိုင်ရေး စသည့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က စခန်းအတွင်း ထပ်တိုးအိမ်ထောင်စုများအတွက် တိုးချဲ့ယာယီအဆောင်သစ်ဆောက်လုပ်နိုင်ရေး ဝါးဖိုးလိုအပ်ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ပြီး အိမ်ထောင်စု လိုအပ်ချက်များအပေါ် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားပေးစကား ပြောကြားသည်။

ထို့နောက် တပ်ကုန်းရပ်ကွက်ရာဒါကောင်း (ဘီ)အတွင်းရှိ COC အသင်းတော်ခြံဝင်းအတွင်းရှိ ယာယီ တိမ်းရှောင်စခန်းသို့ သွားရောက်ရာ စခန်းတာဝန်ခံများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ပြည်နယ်ဝန်ကြီးချုပ်က COC အသင်းတော်အတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဝမ်နှစ်ခြင်း အသင်းတော်စခန်းနှင့် ကြာရာပတ္တီး (အေ) RC အသင်းတော်စခန်းတို့မှ အိမ်ထောင်စု ၆၉ စုတို့ကို ရဝမ်နှစ်ခြင်းအသင်းတော်စခန်း၌တွေ့ဆုံရာ စခန်းတာဝန်ခံများ၏ စခန်းများအတွင်း သောက်သုံးရေ၊ ချိုးရေ၊ လျှပ်စစ်မီးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ စခန်းတိုးချဲ့ဆောင်တည်ဆောက်နိုင်ရေး အတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တိုးချဲ့ဆောင်သစ် တည်ဆောက်နိုင်ရေးအတွက် ငွေကျပ် ၄၄ သိန်းကို ထောက်ပံ့ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ယာယီတိမ်းရှောင် မိသားစုများအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေး အခြေခံစားသောက်ကုန်များကို စဉ်ဆက်မပြတ် ပံ့ပိုးထောက်ပံ့ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်မှလည်း တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယနေ့ စခန်းအသီးသီးရှိ မိသားစုများကို မိုးမကျမီ နေအိမ် အဆောက်အအုံများ ပြုပြင် ဆောင်ရွက်ပေးနိုင်ရေး အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရေး လာရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့် အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၈ –၂ – ၂၀၂၆ ရက်မှ ၂၇ – ၃ –၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာ အောင်မြင်ပြီးသူ သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်–၁၃၅၊မဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂– ၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်–၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း– ၀၈၁–၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်နယ်မြေ၊ အရှေ့ပြင်ရပ်ရှိ မြေကွက်အမှတ်(၇၁-က၊ ၇၁-ခ) မြေကွက်နှင့် ယင်းမြေ ပေါ်ရှိ အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်မှာ ဆစ်(ခ်) ဘုရားကျောင်းပိုင်ဖြစ်ပါသည်။

ယင်းအဆောက်အအုံနှင့် မြေကွက်ပေါ်တွင် ဒေါ်ခင်ခင်ဌေး၊ ဒေါ်စန်းစန်းမိုး၊ ဦးတင်မောင်ဦး၊ ဟာဂျီဦး ခင်မောင်ဝင်း၊ ဦးသိန်းဌေး၊ ဦးကျော်စိန်၏သမီးဒေါ်ခင်မာချို၊ ဒေါ်ခင်စန္ဒာ(ခေတ္တမလေးရှား)တို့အား နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆိုကာ အိမ်ငှားအဖြစ် ငှားရမ်းခဲ့ခြင်းဖြစ်ပါသည်။ အိမ်ငှားရမ်းခြင်းစည်းကမ်းချက်များကို သဘောတူလက်မှတ် ရေးထိုးနေထိုင်ခဲ့ကြပါသည်။

ဆစ်(ခ်)ဘုရားရှိခိုးကျောင်းတွင် ငှားရမ်းနေထိုင်သူများသည် ဆစ်(ခ်) ဘုရားကျောင်း၏ ပိုင်းမြေနေအိမ်ကို တစ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် ပေါင်နှံခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် အကယ်၍စည်းကမ်းချက်အတိုင်းလိုက်နာခြင်းမရှိပါက လက်ရှိတည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းကြည်(ဥက္ကဋ္ဌ)
ဆစ်(ခ်)ဘုရားကျောင်းဂေါပကအဖွဲ့
အရှေ့ပြင်ရပ်၊ ဈေးအရှေ့ပြင်နယ်မြေ
မိတ္ထီလာမြို့

## GP/SP ကိုယ်စားလှယ်လွှဲစာများအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ် (၁၈၀)နေ (ဘ)ဦးမောင်ကြီး၏သား ဦးစောတိုး (၁၂/လကန(နိုင်)၁၁၁၀၉၁)မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရေတလဘောင်၊ တံခွန်တိုင်ကွင်း၊ ကွင်းအမှတ် (၅၀၆/ခ)၊ နဝရိုးမြောက်၊ ဦးပိုင်အမှတ် (၂၆/၂)ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ လယ်မြေဧက (၁၀၀)အတွက် ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၃-၁၂-၂၀၂၄)ရက်က ဦးမျိုးမင်း(ဘ)ဦးကြည်လှ (၇/ရကန(နိုင်)၀၆၁၄၆၄) အား စာအမှတ် (၃၅၈၁/၂၀၂၄)ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ (GP) မှလွှဲ၍ လူပုဂ္ဂိုလ်အသီးသီးထံလွှဲအပ်ခဲ့သော GP/SP ကိုယ်စားလှယ် လွှဲစာများ အားလုံး တို့အား ယနေ့(၁၆-၂-၂၀၂၆) ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောတိုး ၁၂/လကန(နိုင်)၁၁၁၀၉၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အမက ကန်ကြီး(၂)မှ ထလသ ဒေါ်မြမြစိန် (၈/မထန(နိုင်)၀၀၉၅၈၀) ၏ အမည်မှာ ဒေါ်စိန်မြနှင့် ဒေါ်မြမြစိန် ဟု အမည်နှစ်မျိုးဖြစ်နေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မြစိန်(ခ)ဒေါ်မြမြစိန်

## ပတ်စ်ပို့ပျောက်

(ဘ)ဦးအောင်နီ၏သား ဦးမျိုးဦး ၆/မအရ(နိုင်)၁၁၃၃၂၄၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၁၀၅၃၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/6738 ယာဉ်အမည်ပေါက်သူ ဦးတင်ထွန်း ၇/တငန(နိုင်)၀၉၂၈၁၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ

(နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန






## ပတ်စ်ပို့ပျောက်

ထားဝယ်မြို့၊ ဥဿရံရပ်၊ ကမြောကင်းလမ်း၊ အမှတ် (၇၁၀/ခ) နေ ဦးနီသိန်း၏သမီး ဒေါ်နွယ်နီစိုး ၆/ထဝန(နိုင်)၁၀၉၉၁၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG-366553) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၀၅၅၉၈၉

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား ကိုသက်နိုင်ထွန်း ၁၄/ဟသတ(နိုင်)၂၆၀၅၆၇ သည် မိခင်ဖြစ်သူအား ကိုယ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့ ၁၂-၂-၂၀၂၆ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်သိန်းအေး
အင်းကြီးကျေးရွာ၊
ဟသ်္ာတမြို့နယ်

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် (RA-V/ကွက်ပြင်-၅)၊ ဦးပိုင်အမှတ် (၃၀-ကက)၊ မြေဧရိယာ ၀ ဒသမ ၀၅၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစွယ်စုံ ၁၂/ကမရ(နိုင်)၀၂၀၆၀၄ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၃၀-ဌ)၊ မြေဧရိယာ (၀ ဒသမ ၀၅၇၈) ဧကရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဥမ္မာ(ခ) ခင်ဥမ္မာ ၁၂/ပဇတ(နိုင်)၀၀၇၁၇၉ မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်- ၅)၊ ဦးပိုင်အမှတ် (၂၇/က-၆-၂)၊ မြေဧရိယာ (၀ ဒသမ ၁၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဝေဖြိုးမြင့် ၅/စကန(နိုင်)၁၅၅၇၁၇ မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက် အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ဟသ်္ာတခရိုင်၊ ဟသ်္ာတမြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၄၀)၊ ကံလှပန်းဘဲတန်းရပ်၊ ဦးပိုင်အမှတ်(၂၅ခ)၊ ဧရိယာ(၀.၀၇၄)ဧက အနက်မှ ဧရိယာ(၀.၀၃၀) ဧက နှင့် ဦးပိုင်အမှတ် (၂၆ဉ)၊ ဧရိယာ(၀.၀၆၆) ဧက အနက်မှ ဧရိယာ(၀.၀၂၅) ဧက၊ စုစုပေါင်း(၀.၀၅၅) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

- အရှေ့လားသော် - ဦးပိုင်အမှတ် (၂၆ပ)
- အနောက်လားသော် - နတ်မော်လမ်း
- တောင်လားသော် - ဦးပိုင်အမှတ် (၂၆ဏ)
- မြောက်လားသော် - ဦးပိုင်အမှတ် (၂၅ခ) ကျန်မြေနှင့် ဦးပိုင်အမှတ် (၂၆ဉ) ကျန်မြေ တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးမျိုးမြတ်ကို၊ ဒေါ်ဟန်စုစုလှိုင်တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်များကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်္ာတမြို့

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်

ဦးဇော်မင်းသူ (ဘ) ဦးသန်းဦး ၁၂/မဘန(နိုင်)၁၂၄၆၅၄ နှင့် ဒေါ်ပန်ပန်သန့်ချို (ဘ) ဦးအုန်းမြင့် ၁၃/တကန(နိုင်)၂၇၇၇၁၀၊ ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူတို့သည် (၂၉-၁၁-၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူ ကွာရှင်းစာချုပ် ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မင်းသူနှင့် ဒေါ်ပန်ပန်သန့်ချိုတို့၏
လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်ဝင်းထွန်း LL.M(Civil) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၁၃)
မှော်ဘီမြို့နယ်။ ဖုန်း-၀၉-၂၆၆၆၃၅၈၉၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်းအတွင်းရှိ CITY VILLA၊ အမှတ်(CV-64)၊ မြေအကျယ်အဝန်း (၂၄၀၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော (၂) ထပ်အဆောက်အအုံ၊ အိမ်အကျယ်အဝန်း (၂၅၃၃)စတုရန်းပေနှင့် ယင်းအိမ်အဆောက်အအုံတွင် တပ်ဆင်ထားသော လျှပ်စစ်ပစ္စည်းများ၊ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့် နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်ရွှေဇင်ဝင်း ၉/မထလ(နိုင်)၀၀၈၉၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြညွန့် B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)
အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၄၃၀၆၀၂၁၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာအေးမြ (၂) လမ်း၊ အမှတ် (၃၈၅) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်အဆောက်အအုံ၏ တတိယထပ်၊ (၄) လွှာ (တိုက်ဘက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) အကျယ်အဝန်း (၁၈' x ၅၄') ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်း တစ်စုံတစ်ရာမရှိဘဲ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နော်စီစီသိန်း ၁၄/ပသန(နိုင်)၁၅၉၄၂၂ မှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးဇင်ထက်ပိုင် ၁၄/ကလန(နိုင်)၁၂၇၁၈၆ နှင့် ဒေါ်ဟန်နီဦး ၁၂/သဃက(နိုင်)၁၇၈၈၇၀ တို့က လက်ရောက်အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇင်ထက်ပိုင်နှင့် ဒေါ်ဟန်နီဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းနွယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၂၈)
အမှတ် (၁၂၀၂)၊ ပင်းယ (၁) လမ်း၊ (၆) ရပ်ကွက်၊
ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၃၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဒေဝဒဟလမ်း၊ (၃၈) လမ်းနှင့် သံသုမာလမ်းထောင့်၊ တိုက်အမှတ် (၁၃၇၁/ခ)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း (၆) ထပ်တိုက်၏ ဒုတိယထပ်၊ (၃) လွှာ၊ အကျယ်အဝန်း (၁၈' x ၅၄') အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသူ ဒေါ်လင်ကျင်း ၁၃/ကလတ(နိုင်)၀၄၂၁၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမ့်ခင်ခင် ၁၄/ဘကလ(နိုင်)၂၂၄၀၆၆ က အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းနွယ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈)
အမှတ် (၁၂၀၂)၊ ပင်းယ (၁) လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၃၀

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### စဥ့်ကိုင်မြို့နယ်တရားရုံး
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

ဒေါ်မာလာ (တရားလို) နှင့် ဦးကြွယ်ညွှန့် (တရားပြိုင်)

စဥ့်ကိုင်မြို့နယ်၊ မြောင်းဆုံကြီးအုပ်စု၊ မြောင်းဆုံကြီးကျေးရွာနေ တရားပြိုင် ဦးကြွယ်ညွှန့် (ဘ) ဦးညွှန့်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မာလာက "ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းခမ်းလိတ်)
မြို့နယ်တရားသူကြီး
စဥ့်ကိုင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးခင်မောင်ဒွေး အမည်ပေါက် ပိုင်ဆိုင်သောမြေကွက် ဖြစ်ပါသည်။ ဦးခင်မောင်ဒွေး (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ရန်သူလန်(ခ)လီလီယန်း)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းဆိုင်စိန် က အရောင်းအဝယ်အရပ် ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာသည့်ရက်မှစပြီး (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက် ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးခင်မောင်ဒွေးနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူပြာသောင်းစိန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၅၂)
၃၇-အေလမ်း၊ ၆၉x၇၀ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၉၆၅၀၆၆၂၂၀

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၄၄)၊ ဦးပိုင်အမှတ် (၁၁-ခ)၊ ၃၈x၃၉ကြား၊ ၈၉x၉၀ လမ်းကြားရှိ ဦးကြည်အေး အမည်ပေါက်ဘိုးဘမြေကွက်အားအမွေဆက်ခံစာချုပ်အမှတ် (၄၇၉/၂၀၁၈)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးသန်းဝေ ၅/ရဘန(နိုင်)၀၂၀၁၉၅၊ ဒေါ်ခင်ဝင်း ၉/မနတ(နိုင်)၀၆၃၆၃၀၊ ဦးစောနိုင် ၉/မနတ(နိုင်)၀၆၃၆၃၄၊ ဒေါ်ခင်နှင်း ၉/မနတ(နိုင်)၀၆၃၆၃၁ တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၄)၊ ဦးပိုင်အမှတ် (၃၀)၊ ၁၁၅x၁၁၆ ကြား၊ ၆၉x၇၀ ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးကို (WMDY-၃၀၃၈၅၉) ၉/မနတ(နိုင်)၀၄၅၄၃၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၄၁/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခိုင်ယဉ်မွန် ၁/ရကန(နိုင်)၀၀၀၀၅၀ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ် (၅၆၉)၊ မြေဧရိယာ (၀ ဒသမ ၀၄၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ဇင်မင်းထွန်း ၉/မမန(နိုင်)၀၈၃၆၅၇ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/3737 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ဦးပိုင်အမှတ်(၆၉+၇၀)၊ ၄၂x၄၃ ကြား၊ ၅၈x၅၉ လမ်းကြားရှိမြေကွက်အား ဂရန်အမှုတွဲအမှတ် (၇၆၉/၉၄-၉၅) အရ ဗိုလ်မှူးအေးကြွယ် ၁၂/ဥကတ(နိုင်)၀၀၃၃၈၁ (B/RGN-၀၀၈၄၈၂) အမည်ပေါက်သို့ မြေရာဇဝင် ၁-ကမှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးဇော်ဝင်းမောင် ၉/မနတ(နိုင်)၀၀၄၈၈၅ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၄၀)၊ ဦးပိုင်အမှတ် ၈/စိန်ပန်းလမ်းမကြီးဘေး၊ တာရိန်လမ်းနှင့် မဟာစည်လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သီတာလွင် ၉/မရမ(နိုင်)၀၇၀၂၉၉ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

